ကြေးမုံ
The Mirror

၁၃၆၈ ခုနှစ်၊ နတ်တော်လဆန်း ၃ ရက်၊ ဗုဒ္ဓဟူးနေ့၊ (22-11-2006) (၅၁၄၉)

ရင်းရင်းနှီးနှီး နှုတ်ဆက်

ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အိန္ဒိယသမ္မတနိုင်ငံ လေတပ် ဦးစီးချုပ် Air Chief Marshal S.P Tyagi, PVSM, AVSM, VM, ADC, Chairman, Chief of Staff Committee and Chief of the Air Staff အား နေပြည်တော်ရှိ ဘုရင့်နောင် ရိပ်သာ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အိန္ဒိယသမ္မတနိုင်ငံ လေတပ်ဦးစီးချုပ်နှင့် အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၂၁

ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ပြည်ထောင်စု မြန်မာနိုင်ငံတော်သို့ ရောက်ရှိနေသည့် အိန္ဒိယသမ္မတနိုင်ငံ လေတပ်ဦးစီးချုပ် Air Chief Marshal S.P Tyagi, PVSM, AVSM, VM, ADC, Chairman, Chief of Staff Committee and Chief of the Air Staff နှင့် အဖွဲ့ဝင်များအား ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ☆

ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အိန္ဒိယသမ္မတနိုင်ငံ လေတပ် ဦးစီးချုပ် Air Chief Marshal S.P Tyagi, PVSM, AVSM, VM, ADC, Chairman, Chief of Staff Committee and Chief of the Air Staff အား နေပြည်တော်ရှိ ဘုရင့်နောင် ရိပ်သာ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror

၂၂-၁၁-၂၀၀၆
(ဗုဒ္ဓဟူးနေ့)

အမျိုးသားညီလာခံလုပ်ငန်းများ အရှိန်အဟုန်ဖြင့်အောင်မြင်

နိုင်ငံတော်အစိုးရသည် ရေရှည်တည်တံ့ခိုင်မြဲသည့် ဒီမိုကရေစီစနစ် ထူထောင်နိုင်ရေး ကြိုးပမ်းဖော်ဆောင်လျက်ရှိရာတွင် နိုင်ငံသူ၊ နိုင်ငံသား အားလုံး၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်မည့် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်လာရေးအတွက် အမျိုးသားညီလာခံကို ကျင်းပ လျက်ရှိသည်။

အမျိုးသားညီလာခံတွင် ဆောင်ရွက်ပြီးစီးခဲ့သော လုပ်ငန်းများကို ပြန်လည်သုံးသပ်ကြည့်ပါက နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ဥပဒေပြုရေးအခန်း၌ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာလုပ်ငန်းများ အပိုင်းနှင့်စပ်လျဉ်း၍ အသေးစိတ်အခြေခံရမည့်မူများကို ချမှတ်ခဲ့ပြီးဖြစ်သည်။ ထို့အတူ နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များ အခန်းနှင့် တပ်မတော်အခန်းတို့အတွက် အသေးစိတ် အခြေခံရမည့်မူများကို အမျိုးသားညီလာခံက ချမှတ်နိုင်ခဲ့ပြီဖြစ်သည်။

ယခုအခါ အမျိုးသားညီလာခံအစုအဖွဲ့(၈)ဖွဲ့တို့က ရွေးကောက်တင်မြှောက်ခြင်းအခန်း၊ နိုင်ငံရေးပါတီများအခန်းနှင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်းတို့နှင့် စပ်လျဉ်း၍ အကြံပြုချက်စာတမ်းများကို အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီသို့ တင်ပြထားကြပြီးဖြစ်သည်။

ထို့နည်းတူ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းအခန်း၊ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်အခန်း၊ ကူးပြောင်းရေးကာလပြဋ္ဌာန်းချက်အခန်းနှင့် အထွေထွေပြဋ္ဌာန်းချက်များအခန်းတို့နှင့် စပ်လျဉ်း၍ ညီလာခံကိုယ်စားလှယ်အစုအဖွဲ့(၈)ဖွဲ့တို့၏ အကြံပြုချက်စာတမ်းများ ရေးသားပြုစုလျက်ရှိသည်။

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့၏ အားထုတ်မှု၊ ညီလာခံကိုယ်စားလှယ်များ၏ အသိစိတ်ဓာတ်ရှိရှိ ထက်ထက်သန်သန် ကြိုးပမ်းဆောင်ရွက်မှုတို့ကြောင့် အမျိုးသား ညီလာခံ၏ လုပ်ငန်းများ အရှိန်အဟုန်ဖြင့် အောင်မြင်လျက်ရှိရာ နောင်ဖြစ်ပေါ်လာမည့် နိုင်ငံတော်၏အနာဂတ်ကို ပုံဖော်ရှုမြင်လာနိုင်ပြီဖြစ်သည်။

အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့(၈)ဖွဲ့တို့မှ ညီလာခံကိုယ်စားလှယ်များက ယခုအထိရရှိထားသည့် အခြေအနေကောင်းများနှင့် အောင်မြင်မှုအရှိန်အဟုန်ကို ဆက်လက်ထိန်းသိမ်းရင်း ပေါင်းစည်းညီညီ ကြိုးပမ်းအားထုတ်ကြခြင်းဖြင့် အမျိုးသားညီလာခံကြီး အောင်မြင်စွာ ကျင်းပပြီးစီးနိုင်မည် ဖြစ်ပါသည်။ ။

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်း)နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧကဝယ်ယူရန်အတွက် ရန်ကုန်မြို့ လှိုင်မြို့နယ် (၆)ရပ်ကွက် သုခလမ်းနေ ဖခင်ကြီး ဦးဝိလာသ၏ သက်တော် (၈၆)နှစ်ပြည့်မွေးနေ့ မင်္ဂလာအထိမ်းအမှတ်ဖြစ် မိခင်ကြီးဒေါ်တင်ညွန့်၊ သမီးဒေါ်သန်းသန်း မိသားစုက အလှူတော်ငွေ ကျပ် ၁၀၀၀၀၀ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့်အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်းနာယက အကျိုးတော်ဆောင် ဆရာတော်အောင်တော်မူ ဒေါက်တာအရှင်သုန္ဒရ (လုမ္ဗိနီ)၊ အမှုဆောင်ဆရာတော် အရှင်ဝီရိယ (နန်းမား)ရှေ့မှောက်တော်၌ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကြည့်ရှုစစ်ဆေး

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းဇော် အပြည်ပြည်ဆိုင်ရာ အမြန်ချောပို့လုပ်ငန်းတွင် လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

အပြည်ပြည်ဆိုင်ရာ အမြန်ချောပို့လုပ်ငန်း၊ ဟံသာဝတီအော်တိုအိတ်ချိန်းနှင့် e-Government စနစ်ဆောင်ရွက်မှု ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် စစ်ဆေး

ရန်ကုန် နိုဝင်ဘာ ၂၁

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်သည် တာဝန်ရှိသူများလိုက်ပါလျက် နိုဝင်ဘာ ၁၈ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်း အမှတ်(၃၆)ရှိ အပြည်ပြည်ဆိုင်ရာ အမြန်ချောပို့လုပ်ငန်း(Express Mail Service International) သို့ရောက်ရှိပြီး EMS ၏ လုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် တာဝန်ရှိသူများက လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များကို မှာကြားဖြည့်ဆည်းပေးသည်။

ဆက်လက်၍ ဝန်ကြီးသည် ဟံသာဝတီ အော်တိုအိတ်ချိန်းသို့ ရောက်ရှိကာ အော်တိုအိတ်ချိန်းရှိ စက်ပစ္စည်းများ တပ်ဆင်ထားရှိမှု၊ လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး အော်တိုဆက်သွယ်ရေး အိတ်ချိန်းစနစ်များ စနစ်တကျလည်ပတ်ရေး၊ ဝန်ထမ်းများ ဝန်ထမ်းစည်းကမ်းများနှင့်အညီ စနစ်တကျ တာဝန်ထမ်းဆောင်ရေး မှာကြားသည်။

ဖြည့်ဆည်း

ဝန်ကြီးသည် နိုဝင်ဘာ ၁၉ ရက် နံနက်ပိုင်းတွင် Myanmar Info-Tech သို့ရောက်ရှိပြီး ကွန်ပျူတာသုံး မြန်မာစာစနစ် ဆောင်ရွက်ထားရှိမှုနှင့် ကွန်ပျူတာသုံး အင်္ဂလိပ်စာမှ မြန်မာစာစနစ်သို့ အလိုအလျောက် ဘာသာပြန်ဆိုသော Translation Machine စနစ် တည်ဆောက်နေမှုနှင့် e-Government စနစ် ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုရာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ရန်ကုန်ကွန်ပျူတာ တက္ကသိုလ်မှ တာဝန်ရှိသူများ၊ မြန်မာစာအဖွဲ့ဝင်ဦးထွန်းတင့်၊ မြန်မာကွန်ပျူတာအသင်းမှ ဒေါက်တာဒေါ်မြင့်မြင့်သန်းတို့က ကွန်ပျူတာသုံး မြန်မာစာစနစ်နှင့် Translation Machine ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများက e-Government ဆိုင်ရာ ဆောင်ရွက်ထားရှိမှုများကို တင်ပြရာ ဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မှာကြား

ထိုမှတစ်ဆင့် ဝန်ကြီးသည် အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေးအိတ်ချိန်းသို့ ရောက်ရှိလာရာ အင်ဂျင်နီယာချုပ် ဦးဇော်တင့်က လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေးလိုင်း အင်အားများ တိုးချဲ့နိုင်ရေး၊ လုပ်ငန်းများစနစ်တကျ ဆောင်ရွက်ရေးနှင့် ဝန်ထမ်းများ ဝန်ထမ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ရေးကို မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် ဗဟန်း GSM အိတ်ချိန်းသို့ ရောက်ရှိပြီး စစ်ဆေးရာ အင်ဂျင်နီယာချုပ် ဦးသိန်းဦးက ရန်ကုန်မြို့၌ GSMစနစ်များ တိုးချဲ့တပ်ဆင်မှု အခြေအနေများနှင့် လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေကို တင်ပြသည်။ ဝန်ကြီးက GSMစနစ်များ ကောင်းမွန်ရေး၊ လုပ်ငန်းများ စနစ်တကျရှိရေး၊ အနာဂတ်တွင် ဖြစ်ပေါ်လာမည့် တယ်လီဖုန်းစနစ်များ၏ နည်းပညာများကို အမြဲလိုက်နိုင်အောင် ကြိုးစားရေး၊ နည်းပညာများ ပြောင်းလဲနေမှုများကို မျက်ခြည်မပြတ် လေ့လာရေးတို့ကို မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် နိုဝင်ဘာ ၂၀ ရက် နံနက်ပိုင်းတွင် ကြေးနန်းဆက်သွယ်ရေးနှင့်စာတိုက် သင်တန်းကျောင်း၌ ဖွင့်လှစ်သင်ကြားလျက်ရှိသော သင်တန်းများအား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ရတနာမြိုင်အိမ်ရာနေ ဒေါ်ရင်ရင်(ရွှေဘို)အား ရည်စူး၍ ဦးတင်ဗိုလ်-ဒေါ်မေသက်၊ ဒေါ်ခင်မေဇင်၊ ဒေါ်ခင်မေလွင်၊ ဒေါ်ခင်မေသွင်၊ ဦးသန့်ဇော်အောင်၊ ဦးသန့်မော်အောင်နှင့်မြေးများက ဆွမ်းပဒေသာပင် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဗိုလ်မှူးအောင်သန်း(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၁

ရွှေတိဂုံစေတီတော် (စနေထောင့်) ရွှေတောင်ငွေတောင် တန်ဆောင်းရှိ နိကာယ်ငါးရပ်ဝင် ဓမ္မသာကစ္ဆာ အဖွဲ့ချုပ်၏ (၂၄)ကြိမ်မြောက် အဘိဓမ္မာ၊ ဂုဏ်ထူးဆောင် အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ် စာမေးပွဲကို ၂၀၀၇ခုနှစ် ဇန်နဝါရီ ၁၃၊ ၁၄ရက်နှင့် ၁၅ ရက်များတွင် ရန်ကင်းမြို့နယ် ကံဘဲ့ဘူတာရုံလမ်းရှိ ပဋ္ဌာနကာယ သာသနာ့ဗိမာန်ကျောင်း တိုက်တွင် ကျင်းပမည်ဖြစ်သည်။

စာရင်းပေးသွင်းနိုင်

ဖြေဆိုလိုသူများသည် ဥက္ကဋ္ဌ ဦးခင်ကြည် တိုက် ၅/၁၄၊ ဘူတာရုံလမ်း ဘောက်ထော် ရန်ကင်း အတွင်းရေးမှူး ဦးသန်းထွန်းအောင် အမှတ် ၉/၁၁(၃၀၂/၉) ၃၆လမ်း ကျောက်တံတားမြို့နယ်၊ တွဲဖက်အတွင်းရေးမှူး ဒေါ်နီနီဝင်း ပန်းဘဲတန်း မဟာသိမ်တော်ကြီးသင်တန်း၊ ပြန်ကြားရေးမှူး ဦးဆန်းလင်း ဆည်မြောင်းဦးစီးဌာန ရုံးချုပ်နှင့် အဖွဲ့တည်ရာ ရွှေတောင်ငွေတောင်တန်ဆောင်း ရွှေတိဂုံစေတီတော်တွင် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ဟောက်လုပ်ပြီး လမ်းတံတားများ ရေရှည်တည်တံ့ခိုင်မြဲရေး ပြုပြင်ထိန်းသိမ်းစောင့်ရှောက် လမ်းချဲ့ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် စံချိန်စံညွှန်းမီပြီး အဆင့်အတန်း မြင့်မားရန်လို

နေပြည်တော် နိုဝင်ဘာ ၂၁

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် နိုဝင်ဘာ၁၉ ရက် နံနက်ပိုင်းတွင် မိုင်းဆတ်တပ်နယ် ရန်ကြီးအောင်ခန်းမ၌ မိုင်းဆတ်တပ်နယ်အတွင်းရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအားတွေ့ဆုံ၍ အမှာစကားပြောကြားသည်။

အဆိုပါတွေ့ဆုံရာသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်၊ မိုင်းဆတ်တပ်နယ်မှ ဗိုလ်မှူးချုပ်တင်ယုနှင့် တပ်မတော်အရာရှိကြီးများ၊ မိုင်းဆတ်တပ်နယ်အတွင်းရှိ တပ်ရင်း၊ တပ်ဖွဲ့များမှအရာရှိ၊ စစ်သည်၊ မိသားစုဝင်များ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက တပ်မတော်သားများ၊ မိသားစုဝင်များအနေဖြင့် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဒေသခံတိုင်းရင်းသားပြည်သူများနှင့်အတူ တက်ညီလက်ညီလက်တွဲဆောင်ရွက်ကြရန်လိုကြောင်း။

ပြည်သူ့အကျိုးပြုလုပ်ငန်းများကိုဆောင်ရွက်ကြရာ၌ ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို မိသားစုအလိုက်၊ တပ်ရင်းတပ်ဖွဲ့အလိုက် အရှိန်အဟုန်ဖြင့် တက်ညီလက်ညီ ဝိုင်းဝန်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ဘုရင့်နောင်ရိပ်သာသို့ရောက်ရှိကြပြီး ဧည့်ရိပ်သာခန်းမ၌ နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီးကျော်ညွန့်က တာဆန်း–မိုင်းတုံ–မိုင်းဆတ်–မိုင်းခုတ် လမ်းဖောက်လုပ်ပြီးစီးမှုနှင့် စပ်လျဉ်း၍ မိုင်းတုံမှမိုင်းဆတ်အထိ၄၂မိုင်ကို လမ်းအကျယ် ၃၄ပေချဲ့ခြင်း၊ ကျောက်ရောမြေခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကိုလည်းကောင်း၊ ပြည်နယ်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းအင်ဂျင်နီယာမှူးကြီး ဦးသောင်းဌေးက မိုင်းခုတ်–မိုင်းဖြတ်အပိုင်း မိုင်တိုင်အမှတ်(၃၈/၀ မှ ၉၄/၀) အထိ လမ်းအရှည် ၅၆မိုင်ကို မိုင်းဆတ်ခရိုင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ယူတည်ဆောက်နေမှု၊ ယခုပွင့်လင်းရာသီတွင် ယာဉ်များသွားလာနိုင်ရေးအတွက် ချုံခုတ်အလင်းဖွင့်ခြင်း၊ ယာယီသစ်သားတံတား ၂၈စင်းဆောက်လုပ်ခြင်း၊ တစ်ကြောင်းထိုးလမ်းဖောက်လုပ်ခြင်း၊လမ်းလုပ်ငန်းအတွက် လိုအပ်သောစက်ယာဉ်ယန္တရားများ ရွှေ့ပြောင်းသယ်ယူခြင်းလုပ်ငန်းဆောင်ရွက်မှုများကို လည်းကောင်း ရှင်းလင်းတင်ပြကြပြီး တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်က ဖြည့်စွက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက နိုင်ငံတော်အစိုးရအနေဖြင့် လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့စေရေးအတွက် လမ်းများဖောက်လုပ်ပေးခြင်း၊ တံတားများတည်ဆောက်ပေးခြင်းတို့ကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဒေသခံတိုင်းရင်းသားပြည်သူများ လုံခြုံချောမွေ့စွာ ဆက်သွယ်သွားလာနိုင်ရေးအတွက် ဖောက်လုပ်ပြီးလမ်းများနှင့် တံတားများ ရေရှည်တည်တံ့ခိုင်မြဲနိုင်ရေးအတွက် ပြုပြင်ထိန်းသိမ်းစောင့်ရှောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားကြရန်လိုကြောင်း၊ လမ်းချဲ့ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် စံချိန်စံညွှန်းမီပြီး အဆင့်အတန်းမြင့်မားရန်လိုကြောင်း၊ မော်တော်ယာဉ်များ တစ်နာရီလျှင် မိုင်၂၀မှ မိုင်၃၀နှုန်းအထိ လုံခြုံချောမွေ့စွာ မောင်းနှင်နိုင်သည်အထိ လမ်းများချောမွေ့ညက်ညောရန်လိုကြောင်း၊ မိုင်းခုတ်မြို့အဝင်လမ်းကို ကျောက်ရောမြေဖြင့်ကျစ်လျစ်ခိုင်မာအောင် လုပ်ဆောင်သွားရန်နှင့် ဒေသချင်းဆက် လမ်းများကိုပါ စနစ်တကျ လေ့လာသုံးသပ်ပြီး အချိတ်အဆက်မိမိ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ တံတားများတည်ဆောက်ရာတွင် လမ်းနှင့်အတူ တစ်ပါတည်းပြီးစီးရေး မိုင်းဖြတ်အပိုင်းရှိ ပေ ၈၀ တံတားတည်ဆောက်ရေးကိစ္စကိုလည်း ညှိနှိုင်းတင်ပြဆောင်ရွက်သွားရန်၊ အချို့နေရာများတွင် ဒေသထွက်သစ်ဖြင့် ဖန်တီးပြီး အချိန်မရွေး သွားလာနိုင်ရေးအတွက် ကြိုတင်စီမံဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ အရေးကြီးသည့်လမ်းအပိုင်းများကို ဦးစားပေးဆောင်ရွက်သွားရန်နှင့် ဒေသခံတိုင်းရင်းသားပြည်သူများ နွေမိုးဆောင်း ရာသီမရွေး လွယ်ကူချောမွေ့စွာ ဆက်သွယ်သွားလာနိုင်ပြီး ကုန်စည်စီးဆင်းမှု သွက်လက်မြန်ဆန်လာရေး အလေးထားဆောင်ရွက်ရန်နှင့် လိုအပ်သည်များကို ဒေသအာဏာပိုင်အဖွဲ့အစည်း အဆင့်ဆင့်နှင့် ဌာနဆိုင်ရာများက ဝိုင်းဝန်းပံ့ပိုး ဆောင်ရွက်ပေးကြရန်လိုကြောင်းဖြင့် မှာကြားသည်။

ယခုဖောက်လုပ်သည့်လမ်းများပြီးစီးပါက မိုင်းဆတ်ဒေသသို့ ကျိုင်းတုံ–မိုင်းခွန်–မိုင်းခုတ်–မိုင်းဆတ်လမ်း၊ မိုင်းဖြတ်–မိုင်းခုတ်–မိုင်းဆတ်လမ်း၊ တာချီလိတ်–မိုင်းဆတ်လမ်း၊ တာဆန်း–မိုင်းတုံ–မိုင်းဆတ်လမ်းနှင့် မိုင်းပျဉ်း–မိုင်းဆတ်လမ်း စသည့် လမ်းကြောင်းကြီးငါးကြောင်းဖြင့် မိုင်းဆတ်သို့ လွယ်ကူစွာဆက်သွယ်သွားလာနိုင်မည်ဖြစ်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း မိုင်းဆတ်မြို့ မိုးလုံလေလုံ အားကစားခန်းမ ဆောက်လုပ်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များနှင့်အတူ မိုင်းဆတ်မြို့နယ် မီးသတ်တပ်ဖွဲ့စခန်းတည်ဆောက်ရေးလုပ်ငန်းခွင်သို့လည်းကောင်း၊ မြို့နယ်မိုးလုံလေလုံအားကစားခန်းမ ဆောက်လုပ်ရေးလုပ်ငန်းခွင်သို့ လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့်စပ်လျဉ်း၍ တာဝန်ရှိသူများ၏ လိုက်လံရှင်းလင်းတင်ပြချက်များအပေါ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် မိုင်းဆတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး သီရိရတနာခန်းမ၌ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိ၊ မြို့ဖများအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ရှေးဦးစွာ မိုင်းဆတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မြင့်က ခရိုင်၏ ဒေသဆိုင်ရာအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်းပေးပြီး အမှာစကားပြောကြားရာတွင် မိုင်းဆတ်ဒေသရှိ တိုင်းရင်းသားပြည်သူများ၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်မှု ပိုမိုတိုးတက်ကောင်းမွန်ရေးလုပ်ငန်းများကို နိုင်ငံတော်က ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် လာရောက်ခြင်းဖြစ်ကြောင်း၊ လမ်းပန်းဆက်သွယ်ရေးအပိုင်းတွင် တိုင်းရင်းသားပြည်သူများအနေဖြင့် ပတ်ဝန်းကျင်ဒေသအသီးသီးသို့ လွယ်ကူချောမွေ့စွာ ဥဒဟိုသွားလာနိုင်ရန် ဌာနဆိုင်ရာနှင့် တပ်မတော်သားများက စဉ်ဆက်မပြတ်တိုးချဲ့စီမံဖောက်လုပ်ပေးလျက်ရှိရာ ဒေသချင်းဆက်လမ်းများ အဘက်ဘက်က တိုးတက်ချောမွေ့ကောင်းမွန်လျက်ရှိကြောင်း၊ အဆိုပါလုပ်ငန်း ရေရှည်ချောမွေ့ကောင်းမွန်ရေးအတွက် ဒေသခံတိုင်းရင်းသားပြည်သူများက ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် ဝိုင်းဝန်းထိန်းသိမ်း ဆောင်ရွက်သွားကြရန်လိုကြောင်း။

စိုက်ပျိုးရေးကဏ္ဍတွင် ဌာနဆိုင်ရာများ၏ တင်ပြချက်အရ တိုးတက်ဖြစ်ထွန်းအောင်မြင်မှုတွေ့ရသဖြင့် ဝမ်းမြောက်ကြောင်း၊ နိုင်ငံတော်က သတ်မှတ်ထားသည့် အဓိကသီးနှံ ၁၀ မျိုးကို ပန်းတိုင်အထွက်နှုန်းပြည့်မီရေး၊ စက်မှုကုန်ကြမ်းသီးနှံ နှစ်ရှည်ပင် ရော်ဘာကို တိုးချဲ့စိုက်ပျိုးရေး၊ အထူးသီးနှံ ခြံစည်းရိုးကြက်ဆူပင်ကို လျာထားသတ်မှတ်ချက်ပြည့်မီကျော်လွန်အောင် စိုက်ပျိုးကြရေး၊ လက်ဖက်တိုးချဲ့စိုက်ပျိုးရေးတို့အတွက်ဌာနဆိုင်ရာများက ဒေသအာဏာပိုင်အဖွဲ့အစည်း အဆင့်ဆင့်တို့၏ ကြီးကြပ်မှုဖြင့် ဒေသခံပြည်သူအား စည်းရုံးဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ပညာရေးအပိုင်းအနေဖြင့် ဒေသခံတိုင်းရင်းသား လူငယ်လူရွယ်များ ဘက်စုံပညာရည်မြင့်မားပြီး မိမိဒေသဖွံ့ဖြိုးတိုးတက်ရေးတာဝန်များကို လက်ဆင့်ကမ်းတာဝန်ဆောင်ရွက်နိုင်ရေး၊ အခြေခံပညာကျောင်းများတွင် ဘက်စုံပညာရည်မြင့်မားတိုးတက်ရေးအတွက် ဌာနဆိုင်ရာနှင့် မိဘဆရာအသင်းတို့က မြို့နှင့်ကျေးလက်ပညာရည်ကွာဟမှုမရှိစေရေးရည်မှန်းချက်နှင့်အညီ စနစ်တကျဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

နိုင်ငံတော်အစိုးရသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းရေးအတွက် ဘက်ပေါင်းစုံမှ ကြိုးပမ်းဖော်ဆောင်ရွက်လျက်ရှိရာတွင် နိုင်ငံတော်ကအားထားရသော ဘက်စုံပညာရည်ထူးချွန်ပြီး မှန်ကန်စွာတွေးခေါ် မြော်မြင်နိုင်သည့် မျိုးဆက်သစ်တိုင်းရင်းသားလူငယ်များအဖြစ် လေ့ကျင့်ပြုစုပျိုးထောင်ပေးကြရန် တိုက်တွန်းလိုကြောင်းဖြင့်မှာကြားပြီး တွေ့ဆုံပွဲကိုရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် တိုင်းမှူးနှင့် တပ်မတော်အရာရှိကြီးများ၊တာဝန်ရှိသူများလိုက်ပါ၍ စိုက်ပျိုးရေးလုပ်ငန်းအောင်မြင်ဖြစ်ထွန်းလျက်ရှိသော မိုင်းဆတ်မြို့ မယ်ဆွမ်မြောက်ရပ်ကွက်ရှိ ရွှေပျားလိမ္မော်ခြံသို့ သွားရောက်ကြည့်ရှုအားပေးရာ ရွှေပျားလိမ္မော်ခြံပိုင်ရှင်ဦးခတ္တိယက မြေဧက၃၀၌ ပျားလိမ္မော်အပင်၆၀၀၀ စိုက်ပျိုးထားရှိမှုနှင့် ဆွတ်ခူးရရှိမှု၊ ဖြန့်ဖြူးရောင်းချမှုတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ရွှေပျားလိမ္မော်ခြံ၌ ပျားလိမ္မော်များစိုက်ပျိုးထားမှုနှင့် အောင်မြင်ဖြစ်ထွန်းမှုများနှင့် ခေတ်မီစက်ဖြင့် ပျားလိမ္မော်သီးများကို အရွယ်အစားအလိုက်ရွေးချယ်ခြင်းကို ကြည့်ရှုလေ့လာကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မိုင်းဆတ်မြို့နယ် ဆွမ်တောင်ရပ်ကွက်ရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေး၊မြေလွတ်မြေလပ်ဖော်ထုတ်ရေးရွှေမြေပျားလိမ္မော်ခြံသို့ ရောက်ရှိကြရာ ရွှေမြေပျားလိမ္မော်ခြံပိုင်ရှင် ဦးရှလောက မြေဧက၄၀၌ ပျားလိမ္မော်အပင် ၆၀၀၀ စိုက်ပျိုးထားရှိမှုနှင့် ဆွတ်ခူးရရှိမှု၊ ဖြန့်ဖြူးရောင်းချမှု တို့ကိုလည်းကောင်း၊ မြေဧက၃၀၀၌ စိုက်ပျိုးသွားရန် ရော်ဘာပျိုးပင်နှစ်သိန်း ပျိုးထောင်ထားရှိမှုကို လည်းကောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ရွှေမြေပျားလိမ္မော်ခြံ၌ ပျားလိမ္မော်များ စိုက်ပျိုးထားရှိမှုနှင့် အောင်မြင်ဖြစ်ထွန်းမှုများကိုလည်းကောင်း၊ ရော်ဘာပျိုးပင်များပြုစုပျိုးထောင်ထားရှိမှုကို လည်းကောင်း လှည့်လည်ကြည့်ရှုကြပြီး ပျားလိမ္မော်များကို အရွယ်အစားအလိုက်ရွေးချယ်သည့် စက်ကိုလည်းကောင်း လေ့လာကြည့်ရှုကြသည်။ (သတင်းစဉ်)

မွန်ပြည်နယ် မော်လမြိုင်မြို့ သမိုင်းဝင် ကျိုက်သလွံစေတီတော်မြတ်ကြီး၏ (၂၃၁၄)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ဖွင့်ပွဲနှင့် အထိမ်းအမှတ်အလံ ပေးအပ်ပွဲ အခမ်းအနားတွင် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ခေတ္တ အတွင်းရေးမှူး မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးတင်သိန်းဟန်ထံ ဘုရားဂေါပကအဖွဲ့ ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်းက ပေးအပ်စဉ်။ (၁၀၇)

မြောက်ဥက္ကလာပဆေးရုံကြီးသို့ အလှူငွေပေးအပ်

ရန်ကုန် နိုဝင်ဘာ ၂၁

မြောက်ဥက္ကလာပ အထွေထွေရောဂါကုနှင့်သင်ကြားရေးဆေးရုံကြီး မျက်စိကုဌာနသို့ မျက်စိခွဲစိတ်ကုသမှုဆိုင်ရာပစ္စည်းများဝယ်ယူရန် အမေရိကန်ဒေါ်လာ ၉၂၂၃၈ ကို နိုဝင်ဘာ ၂၁ ရက်က Japan's Grassroot Grant Assistance ကိုယ်စားလှယ်က လာရောက်လှူဒါန်းရာ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာကျော်လင်းကလက်ခံရယူပြီး ဂုဏ်ပြုလွှာပြန်လည်ပေးအပ်သည်။

ထို့နောက် ဆေးရုံအုပ်ကြီး ဒေါက်တာမြသောင်းက အလှူရှင်များအား ဂုဏ်ပြုလက်ဆောင်များပေးအပ်ပြီး မျက်စိကုဌာန ပါမောက္ခ(ဌာနမှူး) ဒေါက်တာမြအောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ မြို့နယ်ပြန်/ဆက်

မန္တလေးတက္ကသိုလ် ဘူမိဗေဒဘွဲ့ရ အာစရိယပူဇော်ပွဲ

ရန်ကုန် နိုဝင်ဘာ ၂၁

မန္တလေးတက္ကသိုလ်(၁၉၇၆)ဘူမိဗေဒဘွဲ့ရ ကျောင်းသား၊ ကျောင်းသူဟောင်းများက အာစရိယပူဇော်ပွဲနှင့် ဘွဲ့ရနှစ်(၃၀)ပြည့်မိတ်ဆုံပွဲကို ဒီဇင်ဘာ ၁၇ ရက်တွင် မန္တလေးတက္ကသိုလ် မွှာရုံ၌ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများအနေဖြင့် ဦးအောင်ကျော်ဝင်း ဖုန်း–၀၂–၈၈၆၀၅၊ ဦးညွန့်မောင် ဖုန်း–၀၂–၂၈၃၃၁၊ ဒေါ်မူမူ ဖုန်း–၀၂–၃၁၈၂၅၊ ဦးဝင်းမြင့်စိုး ဖုန်း–၀၆၆–၅၁၁၉၉၊ ဦးခင်အောင်သန်း ဖုန်း–၀၉–၅၁၂၆၉၇၈၊ ဒေါ်အေးအေး ဖုန်း–၀၁–၅၈၄၃၇၅နှင့် ဦးလင်းသက်မော် ဖုန်း–၀၉–၅၁၁၇၂၉၉ တို့ထံ ဆက်သွယ်၍ အလှူငွေများထည့်ဝင်ကြရန် နှိုးဆော်ထားသည်။ (က–ပ)



ဆိုးဆေးများ ပါဝင်ဖွယ်ရှိ၍ ဆေးဘဲဥများရောင်းချမှု ပေကျင်း၌ပိတ်ပင်

ပေကျင်း နိုဝင်ဘာ ၂၀

တရုတ်နိုင်ငံ ပေကျင်းမြို့၌ ဆေးဘဲဥ ရောင်းချခြင်းကို ပိတ်ပင်တားမြစ်ထားကြောင်း၊ ယင်းဘဲဥများတွင် ကင်ဆာရောဂါဖြစ်နိုင်ဖွယ်ရှိသည့် အနီရောင်ဆိုးဆေးများ ပါဝင်သည်ဟု သင်္ကာမကင်း ဖြစ်လျက်ရှိကြောင်း စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူများက နိုဝင်ဘာ ၁၉ ရက်တွင် အတည်ပြု ပြောကြားသည်။

စတင်သိမ်းဆည်း

ဆေးဘဲဥအချို့တွင် ဆူဒန်-၄ အမည်ရှိ စက်မှုလုပ်ငန်းသုံး ဆိုးဆေးတစ်မျိုးပါဝင်သည်ဟု သင်္ကာမကင်းဖွယ်တွေ့ရှိရပြီးနောက် အနီရောင်အနှစ်ရှိသည့် ဆေးဘဲဥများကို စမ်းသပ်စစ်ဆေးရန် တာဝန်ရှိသူများက စတင်သိမ်းဆည်းလျက်ရှိသည်။

ဈေးဆိုင်များ၊ ဈေးတန်းများနှင့် စတိုးဆိုင်များတွင် ဟူပေပြည်နယ်မှ အနီရောင် အနှစ်ရှိသည့်ဆေးဘဲဥများ ရောင်းချခြင်းကို ယာယီပိတ်ပင် တားမြစ်လိုက်ကြောင်း ပေကျင်းစက်မှုနှင့် ကုန်သွယ်မှုညွှန်ကြားရေးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဝမ်က ပြောကြားသည်။

ဈေးတန်း၊ ဈေးခင်းနှင့် ကုန်ပဒေသာတိုက် ၅၅ ခုမှ အနီရောင်အနှစ်ရှိသည့် ဆေးဘဲဥ ၉၆ဒသမ ၅ကီလိုဂရမ်ကို တာဝန်ရှိသူများက ချိပ်ပိတ်လိုက်ကြောင်း ချုံဝမ်ခရိုင်စက်မှုနှင့် ကုန်သွယ်မှုတာဝန်ရှိသူများ၏ ကြေညာချက်တွင် ဖော်ပြထားသည်။

အင်တာနက်။

ကနေဒါနိုင်ငံ ပစိဖိတ်ကမ်းရိုးတန်းရှိ ဗင်ကူးဗားမြို့တွင် မုန်တိုင်းတိုက်ခတ်ခဲ့ပြီးနောက် လဲကျနေသော သစ်ပင်တစ်ပင်ကို နိုဝင်ဘာ ၁၇ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အီတလီသို့ ဓာတ်ငွေ့တင်ပို့မှု အယ်လ်ဂျီးရီးယား မြှင့်တင်မည်

အယ်လ်ဂျီးယားစ် နိုဝင်ဘာ ၂၀

အယ်လ်ဂျီးရီးယားနိုင်ငံသည် အီတလီနိုင်ငံသို့ သဘာဝဓာတ်ငွေ့တင်ပို့မှုကို တစ်နှစ်လျှင် ကုဗမီတာ ရှစ်ဘီလီယံ မြှင့်တင်မည်ဖြစ်ကြောင်း ဗုဒ္ဓဟူးနေ့တွင် နှစ်နိုင်ငံ လက်မှတ်ရေးထိုးခဲ့သည့် သဘောတူညီချက်၌ ဖော်ပြထားသည်။

တင်ပို့

လောလောဆယ်တွင် အယ်လ်ဂျီးရီးယားနိုင်ငံသည် အီတလီနိုင်ငံသို့ တစ်နှစ်လျှင် သဘာဝဓာတ်ငွေ့ ကုဗမီတာ ၂၄ဘီလီယံ တင်ပို့လျက်ရှိသည်။ ယင်းပမာဏမှာ အီတလီနိုင်ငံ၏ သဘာဝဓာတ်ငွေ့သုံးစွဲမှု စုစုပေါင်း၏ ၄၀ရာခိုင်နှုန်းရှိသည်။

သဘောတူညီ

အီတလီနိုင်ငံသို့ တိုးမြှင့်တင်ပို့မည့် သဘာဝဓာတ်ငွေ့ကို ဆက်သွယ်တပ်ဆင်ဆဲဖြစ်သော ပင်လယ်အောက်ပိုက်လိုင်းမှတစ်ဆင့် သယ်ပို့ပေးမည်ဖြစ်ကြောင်း သဘောတူညီချက်တွင် ဖော်ပြထားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ခေတ်မီတပ်မတော် ထူထောင်မည်ဟု သမ္မတပူတင် ပြောကြား

မော်စကို နိုဝင်ဘာ ၂၀

ရုရှားကြည်းတပ်နှင့်ရေတပ်တို့သည် ဆိုဗီယက်ခေတ်လွန်ကာလတွင် စိတ်ဓာတ်ရေးရာနှင့် ငွေကြေးအသုံးပြုမှုတို့အရ အင်အားနည်းပါးနေရလင့်ကစား ယခုအခါတွင် ခေတ်မီတပ်မတော်အဖြစ်တည်ဆောက်ရန် မိမိ ရည်မှန်းထားသည်ဟု ရုရှားသမ္မတပူတင်က ပြောကြားကြောင်း စနေနေ့သတင်း၌ ဖော်ပြသည်။

ရုရှားကြည်းတပ်နှင့် ရေတပ်သည် စွမ်းအား၊ အင်အားနှင့် မိမိကိုယ်မိမိ ယုံကြည်မှုတို့တွင် တိုးတက်မှုရှိလာခဲ့ပြီး ရုရှားတပ်မတော်သည် ခိုင်မာတောင့်တင်းပြီး ခေတ်မီသည့် တပ်မတော်ဖြစ်လာမည်ဖြစ်ကြောင်း သမ္မတပူတင်က တပ်မတော်ခေါင်းဆောင်များနှင့် ပြုလုပ်သည့် အစည်းအဝေးတွင် ပြောကြားသည်။

အမ်အင်အေ၊ ရိုက်တာ။

ယူဂန္ဒာ ကော်ဖီတင်ပို့မှု မြင့်တက်

ကမ်ပါလာ နိုဝင်ဘာ ၂၀

ယူဂန္ဒာနိုင်ငံ၏ ကော်ဖီတင်ပို့မှု တန်ဖိုးမှာ အောက်တိုဘာလ၌ ၄၃ ဒသမ ၉ ရာခိုင်နှုန်း မြင့်တက်လာကြောင်း လစဉ်အစီရင်ခံစာတစ်ရပ်က သောကြာနေ့တွင် ဖော်ပြသည်။

ယူဂန္ဒာနိုင်ငံသည် အောက်တိုဘာလတွင် အမေရိကန်ဒေါ်လာ ၁၃ ဒသမ၄ သန်း တန်ဖိုးရှိ ကီလို၆၀ ဝင် ကော်ဖီအိတ် ၁၅၅၅၇၁ အိတ်ကို တင်ပို့ရောင်းချခဲ့ကြောင်း ယူဂန္ဒာ ကော်ဖီလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့က ထုတ်ပြန်သော လစဉ် အစီရင်ခံစာ၌ ဖော်ပြသည်။

ယခုနှစ် အောက်တိုဘာလတွင် ကော်ဖီတင်ပို့မှုမှာ ယမန်နှစ် အောက်တိုဘာလထက် ပမာဏအားဖြင့် ၂၇ ဒသမ ၈ ရာခိုင်နှုန်း၊ တန်ဖိုးအားဖြင့် ၄၃ ဒသမ ၉ ရာခိုင်နှုန်း မြင့်တက်လာသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အမေရိကန်နိုင်ငံမြောက်ပိုင်း ကယ်လီဖိုးနီးယားပြည်နယ် ရီဂယ်လ်ဝုဒ်ဒေသတွင် တော်နေဒိုးမုန်တိုင်းကျရောက်ခဲ့ပြီးနောက် ကျန်ရစ်သောအပျက်အစီးများကို နိုဝင်ဘာ ၁၇ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အဲဘတ်စ်အေ-၃၂၀ လေယာဉ်များ ကူဝိတ်ကုမ္ပဏီ ဝယ်ယူမည်

ကူဝိတ်စီးတီး နိုဝင်ဘာ ၂၀

ကူဝိတ်အခြေစိုက်လေယာဉ်ငှားရမ်းရေးနှင့် ဘဏ္ဍာရေးကုမ္ပဏီ (အေအယ်လ်အေအက်ဖ်စီအို) သည် အဲဘတ်စ်အေ-၃၂၀ အမျိုးအစား လေယာဉ်ခြောက်စင်း ဝယ်ယူမည်ဖြစ်ကြောင်း ကူဝိတ်သတင်းဌာနက နိုဝင်ဘာ ၁၈ ရက်သတင်းတွင် ဖော်ပြသည်။

ထုတ်ပြန်ကြေညာ

အေအယ်လ်အေ အက်ဖ်စီအိုသည် အေ-၃၂၀ အမျိုးအစား လေယာဉ်ခြောက်စင်းဝယ်ယူရန် သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့သည်ဟု အဲဘတ်စ်လေယာဉ် ထုတ်လုပ်ရေးကုမ္ပဏီက ထုတ်ပြန်ကြေညာခဲ့သော်လည်း လေယာဉ်များ၏ တန်ဖိုးကို ဖော်ပြခြင်းမရှိပေ။

ကူဝိတ် အခြေစိုက်ကုမ္ပဏီသည် လွန်ခဲ့သည့် နှစ်ကလည်း အဲဘတ်စ်အေ-၃၅၀ အမျိုးအစား လေယာဉ် ၁၂ စင်းနှင့် အနာဂတ်ကာလ၌ နောက်ထပ် ခြောက်စင်းဝယ်ယူရန် သဘောတူညီချက်ကို အဲဘတ်စ်ကုမ္ပဏီနှင့် လက်မှတ်ရေးထိုးခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်နိုင်ငံရှိ တိုက်ဂရစ်မြစ် စစ်ဒဏ်ကြောင့် ပတ်ဝန်းကျင် ညစ်ညမ်းမှုဖြစ်ရ

ဘဂ္ဂဒက် နိုဝင်ဘာ ၂၀

ဘဂ္ဂဒက်မြို့ကို ဖြတ်သန်းစီးဆင်းလျက်ရှိသော တိုက်ဂရစ်မြစ်ကြီးသည် နှစ်ပေါင်း ၆၀၀၀ ကျော် သမိုင်းကြောင်းတစ်လျှောက်တွင် ပြည်သူများကို အကျိုးပြုခဲ့ကြောင်း၊ သောက်သုံးရေနှင့် စားနပ်ရိက္ခာတို့ကို ထောက်ပံ့ပေးခဲ့သည်သာမက သယ်ယူပို့ဆောင်ရေးလမ်းကြောင်းအဖြစ် အသုံးတော်ခံခဲ့သည့်အပြင် ပြည်သူများ အပန်းဖြေနားနေရာအဖြစ်ပါ တိုက်ဂရစ်မြစ်က ဖြည့်ဆည်းပေးခဲ့ကြောင်း၊ သို့ရာတွင် ယခုအခါ တိုက်ဂရစ်မြစ်သည် သုံးနှစ်တာဖြစ်ပွားခဲ့သော အီရတ်စစ်ပွဲ၊ နိုင်ငံရေး အခြေအနေနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုတို့၏ ဆိုးကျိုးသက်ရောက်မှုကို တွေ့ကြုံခံစားနေကြောင်း နိုဝင်ဘာ ၁၈ ရက် အင်တာနက်သတင်း၌ ဖော်ပြသည်။

အီရတ်ရဲတပ်ဖွဲ့ဝင်များသည် မကြာခဏဆိုသလို တိုက်ဂရစ်မြစ်တွင်းမှ အလောင်းများကို ဆယ်ယူနေကြရသည်။ မကြာသေးမီအချိန်က တစ်ရက်တည်းမှာပင် အညှဉ်းပန်းခံထားရသော အလောင်း ၁၅ လောင်းကို ဘဂ္ဂဒက်မြို့တောင်ဘက် ၂၅ မိုင်အကွာနေရာရှိ တိုက်ဂရစ်မြစ်အောက်ပိုင်းမှ ဆယ်ယူရရှိခဲ့ကြောင်း ဒုတိယရဲဗိုလ်မှူးကြီး မိုဟာမက်အယ်လ်ရှာမာရီက ပြောကြားသည်။

အင်တာနက်။

နယူးဇီလန်နိုင်ငံ ရူကာကာကမ်းခြေပေါ်၌ သောင်တင်ကာသေဆုံးခဲ့သော ဝေလငါးအုပ်စုတစ်စုအား သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသမားများ ဖယ်ရှားရှင်းလင်းနေကြသည်ကို နိုဝင်ဘာ ၁၇ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အာဖဂန်နစ္စတန်တွင် ရေလွှမ်းမိုးမှုကြောင့် ၄၇ ဦးထက်မနည်း သေဆုံး

ကဘူး နိုဝင်ဘာ ၂၀

အာဖဂန်နစ္စတန် အနောက်ပိုင်း ဘက်ဂစ် ပြည်နယ်၌ ရေလွှမ်းမိုးမှုဖြစ်ပွားရာ လူ ၄၇ဦးထက် မနည်းသေဆုံးပြီး လူ ၅၀ ခန့် ပျောက်ဆုံးနေကြောင်း ပြည်နယ်ကျန်းမာရေးဝန်ကြီး မိုဟာမက်အမန်ဖာတီမီက စနေနေ့တွင် ပြောကြားသည်။

ဘာလန်မာဂါခရိုင်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေလွှမ်းမိုးလျက်ရှိပြီး ခရိုင်အတွင်းရှိ အိမ်ခြေရာချီ၍ ပျက်စီးဆုံးရှုံးခဲ့ရကြောင်း ဖာတီမီက ပြောကြားသည်။ ရေလွှမ်းမိုးမှုကြောင့် ကူးစက်ရောဂါများ ဖြစ်ပွားနိုင်သည့် ဘေးအန္တရာယ်နှင့် ရင်ဆိုင်နေရကြောင်း ၎င်းက ပြောကြားသည်။ ရေဘေးဒုက္ခသည်များအား အကူအညီပေးနိုင်ရေးအတွက် ကုလသမဂ္ဂ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

ကလေးသူငယ်များအား ကာကွယ်စောင့်ရှောက်ရန်သည် လူသားတိုင်း၏ တာဝန်ဖြစ်သည်

မျိုးလေး

ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂညီလာခံ သဘောတူစာချုပ် (United Nations Convention on the Rights of the Child) (UNCRC) ကို ၁၉၈၉ ခုနှစ် နိုဝင်ဘာလ ၂၀ ရက်နေ့မှာ ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံက အတည်ပြုခဲ့ပြီးနောက် ၁၉၉၁ ခုနှစ် ဇူလိုင်လ ၁၆ ရက်နေ့မှာ မြန်မာနိုင်ငံက အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်လက်မှတ်ရေးထိုးခဲ့ပါတယ်။ အဲဒီ သဘောတူစာချုပ်ပါ တာဝန်များဖြစ်တဲ့ ကလေးသူငယ်များကို ကာကွယ်စောင့်ရှောက်ပေးမည့်၊ ကလေးသူငယ်များကို ဘက်စုံဖွံ့ဖြိုးတိုးတက်စေမည့် ပြဋ္ဌာန်းချက်များပါဝင်တဲ့ ကလေးသူငယ်ဥပဒေကိုလည်း ၁၉၉၃ ခုနှစ် ဇူလိုင်လ ၁၄ ရက်နေ့မှာ ပြဋ္ဌာန်းပေးခဲ့ပါတယ်။ ကလေးသူငယ်နည်းဥပဒေများကိုလည်း ၂၀၀၁ ခုနှစ် ဒီဇင်ဘာလ ၂၁ ရက်နေ့မှာ ဆက်လက်ပြဋ္ဌာန်းပေးခဲ့ပါတယ်။ ဥပဒေ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကလေးသူငယ်များ၏ အခွင့်အရေးများကို နိုင်ငံတော်အစိုးရနှင့်အတူ အစိုးရဌာနအဖွဲ့အစည်းများ၊ ပြည်တွင်း ပြည်ပအစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများက တက်ညီလက်ညီ ပူးပေါင်းပြီး အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂညီလာခံ သဘောတူစာချုပ် (UNCRC)ပါ ကလေးသူငယ်များရဲ့ အခွင့်အရေးတွေကို ခြုံငုံကြည့်မယ်ဆိုရင် အခြေခံအားဖြင့် အသက်ရှင်ရပ်တည်ခွင့်ရှိခြင်း၊ ဖွံ့ဖြိုးတိုးတက်ခွင့်ရှိခြင်း၊ ကာကွယ်စောင့်ရှောက်ခံရခြင်းနှင့် ပါဝင်ဆောင်ရွက်ခွင့်ရခြင်းတို့ဟာ ကလေးသူငယ်များရဲ့ အခြေခံအခွင့်အရေးများဖြစ်ကြပါတယ်။ ဒီအခြေခံအခွင့်ရေးများဟာ တစ်ခုနဲ့တစ်ခု အပြန်အလှန်ဆပ်စပ်နေပြီး ကာကွယ် စောင့်ရှောက်ခံရခြင်းဆိုတဲ့ အခွင့်အရေးဟာ ကလေးများ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အဓိကအကျဆုံး အခွင့်အရေးတစ်ရပ်ဖြစ်ပါတယ်။

ကာကွယ်စောင့်ရှောက်ခြင်း(protection)ကို အသေးစိတ်ပြန်လည်ခွဲခြားကြည့်မည်ဆိုပါလျှင် ကလေးသူငယ်များအပေါ် အကြမ်းဖက်မှု (violence)၊ လွဲမှားစွာပြုကျင့်မှု (abuse)၊ လျစ်လျူရှုမှု (neglect)နဲ့ ခေါင်းပုံဖြတ်မှု (exploitation) ဆိုတဲ့ အန္တရာယ်များ မကျရောက်စေရန် အကာအကွယ်ပေးခြင်းဖြစ်ပါတယ်။

ကျွန်မတို့ မြန်မာနိုင်ငံဟာ ထေရဝါဒဗုဒ္ဓဘာသာရဲ့ အဆုံးအမနဲ့တကွ ဓလေ့ထုံးတမ်း အစဉ်အလာများအရ သားသမီးများကို အဖိုးအနဂ္ဃ ထိုက်တန်လှတဲ့ ရတနာနဲ့ ယှဉ်တွဲခိုင်းနှိုင်းပြီး သားသမီးရတနာလို့ တင်စားသတ်မှတ်ကြတာ အားလုံးအသိပါပဲ။ မိသားစုအတွင်းမှာသာမက လူမှုအသိုင်းအဝိုင်း အတွင်းမှာလည်း ကလေးတွေကို ချစ်ခင်မြတ်နိုးခြင်း၊ ဦးစားပေးခြင်း၊ ကာကွယ်စောင့်ရှောက်ပေးခြင်းတို့ဟာ အထူးတလည်ပျိုးထောင်ရန်မလိုတဲ့ အလေ့အကျင့်ကောင်းတစ်ခုဆိုတာ အငြင်းမပွားနိုင်တဲ့ အချက်ပါပဲ။ ဒါပေမယ့် သတိမမူ ဂူမမြင်ဆိုသလို ကျွန်မတို့ ချစ်ခင်လှတဲ့ ကလေးတွေမှာ ကျရောက်နိုင်တဲ့ အန္တရာယ်တွေ၊ ကာကွယ်စောင့်ရှောက်ပေးရမယ့် ကျွန်မတို့ရဲ့ တာဝန်တွေကို မီးမောင်းထိုးပြလိုက်တဲ့ အလုပ်ရုံဆွေးနွေးပွဲလေးက အတွေ့အကြုံနဲ့ အသိတရားလေးတွေကို ပြည်သူလူထုကြီးကို မျှဝေပေးချင်တဲ့အတွက် ကျွန်မဒီဆောင်းပါးလေးကို ရေးဖြစ်ခဲ့တာပါပဲ။ မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်ရဲ့ ကိုယ်စားလှယ်အဖြစ်တက်ရောက်ခွင့်ရတဲ့ ကလေးသူငယ်များအား အကြမ်းဖက်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို နှစ်ရက်တာ တက်ရောက်ပြီးတဲ့အခါ ကျွန်မရရှိခဲ့တဲ့ အသိတွေကို မျှဝေလိုတဲ့စိတ်တွေ တစ်နည်းအားဖြင့်ဆိုရရင် ကလေးသူငယ်တွေအပေါ် အကြမ်းဖက်မှု အန္တရာယ်တွေက ကာကွယ်ဖို့ ကျွန်မတို့ ပြည်သူတစ်ရပ်လုံးမှာ တာဝန်ရှိတယ်ဆိုတဲ့ အသိစိတ်တွေဟာ ရင်နဲ့အပြည့်ပါပဲ။

အဲဒီအလုပ်ရုံဆွေးနွေးပွဲမှာ ကလေးသူငယ်များအပေါ် အကြမ်းဖက်မှုရဲ့ သဘောသဘာဝနဲ့ အတိုင်းအတာကို ကဏ္ဍငါးရပ်ခွဲပြီး ဆွေးနွေးခဲ့ကြပါတယ်။ အဲဒီကဏ္ဍတွေကတော့–

- (က) **နေအိမ်နှင့်မိသားစုပတ်ဝန်းကျင်၊**
- (ခ) **စာသင်ကျောင်းနှင့် ပညာသင်ကြားရေးဆိုင်ရာ ပတ်ဝန်းကျင်များ၊**
- (ဂ) **ကလေးသူငယ်များပြုစုစောင့်ရှောက်ရေးသင်တန်းကျောင်းနှင့် ကလေးသူငယ်တရားစီရင်ရေးအပါအဝင် အခြားပတ်ဝန်းကျင်များ၊**
- (ဃ) **လုပ်ငန်းခွင်ပတ်ဝန်းကျင်နှင့်**
- (င) **ရပ်ရွာနှင့်လမ်းပေါ်ပတ်ဝန်းကျင်တို့ဖြစ်ကြပါတယ်။**

အထက်ကပြောခဲ့တဲ့ ပတ်ဝန်းကျင်တိုင်းမှာ ကလေးများအပေါ် အကြမ်းဖက်မှုများရှိနိုင်တယ်လို့ ကောက်ချက်ချကြပါတယ်။ ဘာကြောင့်လဲဆိုတော့ အကြမ်းဖက်မှုဆိုတာ ရုပ်ပိုင်းဆိုင်ရာသာမက စိတ်ပိုင်းဆိုင်ရာ ထိခိုက်ခံစားရမှုလည်းပါဝင်လို့ပါပဲ။ အကြမ်းဖက်မှုကို အသွင်သဏ္ဍာန်အမျိုးမျိုးနဲ့ ကျူးလွန်နိုင်ကြပါတယ်။ အကြမ်းဖက်မှုရဲ့ သဘောသဘာဝတွေကို ကြည့်မယ်ဆိုရင် နေအိမ်နဲ့မိသားစုအတွင်း အကြမ်းဖက်မှုများအနေနဲ့ တင်းကျပ်သော စည်းကမ်းထိန်းသိမ်းမှု၊ ရိုက်နှက်ဆုံးမမှု၊ ခြိမ်းခြောက်မှု၊ အရှက်ရစေမှုနဲ့ လျစ်လျူရှုမှုများဖြစ်တဲ့ အထီးကျန်ဖြစ်စေမှု၊ ဥပေက္ခာပြုမှု စသည်တို့ဟာ ရုပ်ပိုင်းဆိုင်ရာရော စိတ်ပိုင်းဆိုင်ရာပါ ထိခိုက်စေတဲ့ အကြမ်းဖက်မှုတွေ ဖြစ်ပါတယ်။ ကလေးသူငယ်များဟာ နေအိမ်မှာ မိသားစုနဲ့အတူ နေရတဲ့အချိန်ဟာ အပျော်ရွှင်ဆုံးအချိန်ဖြစ်ပါတယ်။ မိဘ၊ မိသားစုရင်ခွင်ထက် လုံခြုံချမ်းမြေ့တဲ့နေရာဆိုတာ မရှိနိုင်ပါဘူး။

ဒါကြောင့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်မှာ **"မိသားစုသည် ကလေးသူငယ်များ ကြီးထွားရန်နှင့် သာယာဝပြောရန် သဘာဝကျသော ပတ်ဝန်းကျင်ဖြစ်သည်"** လို့ အသိအမှတ်ပြုဖော်ပြထားတာဖြစ်ပါတယ်။ ဒါပေမယ့် အချို့သော ကလေးတွေအတွက်တော့ နေအိမ်ဟာ အကြမ်းဖက်မှု ဖြစ်ပွားရာနေရာ ဖြစ်နေတတ်တာမို့ မိဘတွေ၊ မိသားစုဝင်တွေဟာ မိမိတို့ရဲ့ ကလေးတွေအပေါ်အကြမ်းဖက်မှုလို့ မိမိကိုယ်တိုင်မသိတဲ့ အကြမ်းဖက်မှုတွေ ပြုမူမိနေကြပြီလားလို့ ပြန်လည်ဆန်းစစ်ကြစေချင်ပါတယ်။ ဒီနေရာမှာ ကျွန်မအမြဲတမ်းစိုးရိမ်ခဲ့တဲ့ ပြဿနာလေးတစ်ရပ်ကို မီးမောင်းထိုးပြလိုပါတယ်။ အချို့မိဘတွေက မိမိတို့သားသမီးကို လိမ္မာစေချင်တဲ့ဇောနဲ့ ရိုက်နှက်ဆုံးမတတ်ပါတယ်။ ကလေးလိမ္မာဖို့ လုပ်တာမို့မှုတတယ်၊ သဘာဝကျတယ်လို့လည်း ယူဆတတ်ကြပါတယ်။ အချို့မိဘဆိုရင်ကလေးကို အမြဲတစေ မညှာမတာရိုက်နှက်နေလို့ ပတ်ဝန်းကျင်က မခံမရပ်နိုင် တိုင်ကြားရတာတွေ ရှိနေပါတယ်။ မိဘတိုင်းက သားသမီးကိုချစ်တယ်၊ ကောင်းစေချင်တယ်ဆိုတာ ဘယ်သူမှ မငြင်းပါဘူး။ ဒါပေမယ့် ချစ်လို့၊ ကောင်းစေချင်လို့ ပြုမူမိတဲ့ အပြုအမူနဲ့ နောက်ဆက်တွဲဆိုးကျိုးတွေကို မသိတဲ့အခါ အပြစ်မဲ့တဲ့ သားကောင်လေးများကတော့ သားသမီးတွေပါပဲ။ မိသားစုနဲ့ အဆင်မပြေဖြစ်ခြင်း၊ ချစ်ခြင်းမေတ္တာကိုမရတော့ဟု ခံစားရခြင်း၊ မိမိကိုယ်မိမိ ယုံကြည်မှုနည်းပါးလာခြင်း၊ မိမိကလည်း အခြားသူအပေါ် အကြမ်းဖက်လိုသော စိတ်ဆန္ဒများ ပေါ်ပေါက်လာခြင်းစသည့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုများကို နောက်ဆက်တွဲ ဆိုးကျိုးများအဖြစ် ရရှိနိုင်ပါတယ်။

မိသားစုအတွင်း အကြမ်းဖက်မှု နောက်တစ်မျိုးကတော့ မိဘတွေရဲ့ ကိုယ်ရေးကိုယ်တာ စိတ်ခံစားမှုတွေ၊ ပြဿနာတွေကြောင့် မိခင်နဲ့ဖခင် အဆင်မပြေဖြစ်တဲ့အခါ ရန်ဖြစ် ရိုက်နှက်တာတွေ တွေ့မြင်ရတဲ့သားသမီးများဟာ စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုတွေရရှိပြီး ဖွံ့ဖြိုးမှုတွေကို အဟန့်အတားဖြစ်စေပါတယ်။ မိခင် ဖခင်တွေရဲ့ အပြုအမူဟာ ကလေးတွေအပေါ် ပြင်းထန်တဲ့ သက်ရောက်မှုတွေ ဖြစ်စေတာကိုလည်း သတိပြုစေချင်ပါတယ်။ အချို့မိဘများဟာ သားသမီးကို လိမ္မာစေချင်လို့ တင်းကျပ်သော စည်းကမ်းများနဲ့ အုပ်ချုပ်တတ်ကြပါတယ်။ စည်းကမ်းချမှတ်ပေးရာမှာ မိဘဝတ္တရားဖြစ်ပေမယ့် လွဲမှားသော အယူအဆနဲ့ မအုပ်ချုပ်မိဖို့လည်း အရေးကြီးလှပါတယ်။ ရုပ်ပိုင်းရော စိတ်ပိုင်းအရပါ လိုက်နာနိုင်တဲ့၊ လိုက်နာသင့်တဲ့၊ မျှတတဲ့ စည်းကမ်းမျိုးကို ချမှတ်မှသာလျှင် သားသမီးဟာ မှန်ကန်တဲ့ လမ်းကြောင်းပေါ်ရောက်မှာဖြစ်ပါတယ်။ တင်းကျပ်လွန်းတဲ့ စည်းကမ်းတွေကြားက ထွက်ပေါက်ရှာသွားတာတွေ၊ ကိုယ်ရည်ကိုယ်သွေး ကျဆင်းသွားတာတွေ ဖြစ်တတ်ပါတယ်။ အချို့မိဘကတော့ သားသမီးအချင်းချင်း ခွဲခြားဆက်ဆံခြင်း၊ အားနည်းချက်တစ်ခုခုကြောင့် လျစ်လျူရှုဥပေက္ခာပြုထားခြင်းတွေဟာလည်း အလွန်မှားယွင်းတဲ့ အပြုအမူတွေဖြစ်ပြီး အကြမ်းဖက်မှု အသွင်သဏ္ဍာန်တစ်မျိုးဖြစ်တဲ့အတွက် ကလေးများအတွက် ဆိုးကျိုးဖြစ်စေတာကြောင့် အမှတ်တမဲ့ ကျူးလွန်မိနေတာမျိုး မဖြစ်ရလေအောင် ကျွန်မက ကျွန်မရရှိခဲ့တဲ့အသိကို မျှဝေရခြင်း ဖြစ်ပါတယ်။

စာသင်ကျောင်းနဲ့ ပညာသင်ကြားရေးဆိုင်ရာ ပတ်ဝန်းကျင်များမှာ ကလေးသူငယ်တွေ ဘယ်လိုပုံသဏ္ဍာန်မျိုးနဲ့ အကြမ်းဖက်ခံရနိုင်သလဲ ဆိုတာကို ဆွေးနွေးကြတဲ့အခါ အကြမ်းဖက်မှု ပုံသဏ္ဍာန်တွေကတော့ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုအဖြစ် ရိုက်နှက်ဆုံးမခြင်း၊ အရှက်ရစေတဲ့ ပြစ်ဒဏ်ပေးခြင်း၊ ကလေးအချင်းချင်း အနိုင်ကျင့်ခြင်း၊ ဆင်းရဲချမ်းသာကွာဟမှုအပေါ် ခွဲခြားဆက်ဆံခြင်းစတဲ့ အကြမ်းဖက်မှုတွေ ရှိနေတတ်ကြောင်း သုံးသပ်ကြပါတယ်။ မသန်မစွမ်းသူ ကလေးသူငယ်များကို ခွဲခြားဆက်ဆံမှုမပြုဖို့လည်း အထူးလိုအပ်လှပါတယ်။ အားနည်းချက်ရှိတဲ့ ကလေးသူငယ်များကို လျစ်လျူရှုခြင်း ဥပေက္ခာပြုခြင်းတို့သည်လည်း စာသင်ကျောင်းနဲ့ ပညာသင်ကြားရေးဆိုင်ရာ ပတ်ဝန်းကျင်မှာအဓိကဖယ်ရှားသင့်တဲ့ အကြမ်းဖက်မှုဖြစ်ပါတယ်။

လူတွေရဲ့ကုသိုလ်၊ အကုသိုလ်ကံတွေဟာ မတူညီကြတဲ့အတွက် ကုသိုလ်ကံနည်းပါးလို့ အကြောင်းအကြောင်းကြောင့် မိဘရင်ခွင်နဲ့ ဝေးကွာပြီး ပြုစုစောင့်ရှောက်တဲ့နေရာဌာန၊ အဖွဲ့အစည်းများမှာ ပြုစုစောင့်ရှောက်ထားရတဲ့ ကလေးများဟာ ကမ္ဘာတစ်ဝန်းမှာ ရှစ်သန်းကျော်ရှိတယ်လို့ သိရပါတယ်။ အဲဒီလို ပတ်ဝန်းကျင်တွေမှာလည်း စည်းကမ်းထိန်းသိမ်းသည့်အသွင်ဖြင့် အုပ်ချုပ်သူ ဝန်ထမ်းများက အနိုင်ကျင့်ခြင်း၊ ကလေးအချင်းချင်း အနိုင်ကျင့်ခြင်းတို့လည်း ရှိတတ်တယ်ဆိုတာ သိရှိခဲ့ရကြောင်း မျှဝေပေးချင်ပါတယ်။ ပတ်ဝန်းကျင်ရဲ့ စေ့ဆော်မှုတစ်ခုခုကြောင့် ဥပဒေနဲ့ပဋိပက္ခဖြစ်ရတဲ့ ကလေးတွေဆိုရင်လည်း လူ့လောကအလယ်မှာ အဆိုးဆုံးသော သားကောင်ဘဝကို ကျရောက်ခဲ့ကြတာမို့ သူတို့လေးတွေကို ပြစ်မှုကျူးလွန်သူလို့ မသတ်မှတ်ဘဲ ဥပဒေကပေးတဲ့ အကာအကွယ်တွေ အပြည့်အဝ ရရှိခံစားကြရဖို့ ဝိုင်းဝန်းဆောင်ရွက်ကြရပါမယ်။ ဖြစ်နိုင်ရင်တော့ ကလေးများဟာ တရားစီရင်ရေးလမ်းကြောင်းထဲကို တတ်နိုင်သမျှ မကျရောက်စေဘဲ လူမှုအသိုင်းအဝန်းအတွင်းမှာပဲ ဖြေရှင်းနိုင်အောင် ဆောင်ရွက်သင့်လှကြောင်း ဆွေးနွေးကြတာကို မျှဝေလိုက်ရပါတယ်။

နောက်ကဏ္ဍတစ်ခုကတော့ လုပ်ငန်းခွင် ပတ်ဝန်းကျင်ဖြစ်ပါတယ်။ ကမ္ဘာတစ်ဝန်းမှာ တရားဝင်နှင့် တရားမဝင် အလုပ်လုပ်ကိုင်နေကြတဲ့ ကလေးသူငယ် သန်း ၂၀၀ကျော်ရှိကြောင်း ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ရဲ့ လေ့လာတွေ့ရှိချက်မှာ ဖော်ပြထားလို့သိရပါတယ်။ အဲဒီသန်း ၂၀၀ ကျော်ထဲမှာမှ ၁၂၆ သန်းဟာ ဘေးအန္တရာယ်များပြားသော အလုပ်များကို လုပ်ကိုင်နေရကြောင်းနဲ့ ကလေးများဟာ မလျော်ကန်သော အပြုအမူနဲ့ ခေါင်းပုံဖြတ်ခြင်းကို ခံနေရကြောင်း သိရပါတယ်။ ထိုက်တန်တဲ့ လုပ်အားခမပေးခြင်း၊ ကျေးကျွန်ကဲ့သို့ ခိုင်းစေခံရခြင်း၊ ကြွေးမြီဖြင့် နှောင်ဖွဲ့ခိုင်းစေခံရခြင်းတို့ဟာ လုပ်ငန်းခွင် ပတ်ဝန်းကျင်အတွင်း အကြမ်းဖက်ခံရခြင်းများဖြစ်ပြီး အချို့ဆိုရင် လိင်မှုဆိုင်ရာ အလွဲသုံးခံရတဲ့အထိ ခံစားကြရတတ်ပါတယ်။ ကျွန်မတို့ မြန်မာနိုင်ငံမှာ ကလေးသူငယ်များ အပါအဝင် ပြည်သူလူထုတစ်ရပ်လုံး ခေါင်းပုံဖြတ်မှု အရင်းခံတဲ့ အကြမ်းဖက်မှုတစ်ရပ်ဖြစ်တဲ့ လူကုန်ကူးမှု တိုက်ဖျက်ရေးကို နိုင်ငံတော်အစိုးရက ဥပဒေပြဋ္ဌာန်းပြီး ထိရောက်စွာ အကာအကွယ်ပေးနေပါပြီ။ လုပ်ငန်းခွင်မှာ ကလေးသူငယ်နဲ့အမျိုးသမီးများကို အထူးကာကွယ်စောင့်ရှောက်ဖို့ကိုလည်း ရှိပြီးဖြစ်တဲ့ အလုပ်သမားနဲ့ သက်ဆိုင်တဲ့ ဥပဒေများနဲ့အညီ အစိုးရဌာနများမှာ သာမက ပုဂ္ဂလိကစက်ရုံ၊ အလုပ်ရုံလုပ်ငန်းခွင်တွေမှာလည်း အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်လို့ ကာကွယ်စောင့်ရှောက်မှုတွေ ရရှိခံစားနေကြရပြီ ဖြစ်ပါတယ်။

နောက်ဆုံးကဏ္ဍဖြစ်တဲ့ ရပ်ရွာနဲ့ လမ်းပေါ်ပတ်ဝန်းကျင်မှ ကလေးများအကြောင်း ဆွေးနွေးကြတဲ့အခါ မိဘရင်ခွင်ထဲမှာရှိတဲ့ ကလေးသူငယ်သည်ပင်လျှင် အကြမ်းဖက်မှုမှန်း မိဘကိုယ်တိုင်မသိတဲ့ အကြမ်းဖက်မှုတွေ ခံစားရနိုင်တာကြောင့် ရပ်ရွာလူထုပတ်ဝန်းကျင်မှာ၊ လမ်းပေါ်မှာ ရှိနေကြတဲ့ ကလေးများကတော့ အကြမ်းဖက်မှုအန္တရာယ်နဲ့ ကြုံတွေ့နိုင်ဖို့ ပိုမိုနီးကပ်လှတယ်လို့ သုံးသပ်ကြပါတယ်။ ဘယ်လိုပုံသဏ္ဍာန်တွေနဲ့ အကြမ်းဖက်ခံရနိုင်သလဲဆိုတော့ မူးယစ်ဆေးဝါး သားကောင်ဖြစ်ရတာ၊ လိင်မှုဆိုင်ရာအလွဲသုံးခံရတာ၊ ဂိုဏ်းဖွဲ့ကျူးလွန်သူများရဲ့ အသုံးချခံရတာ စသည်ဖြင့် ကြီးမားလှသော အကြမ်းဖက်မှု အန္တရာယ်တွေ ဖြစ်ပါတယ်။ ဒီလိုကလေးများမှာတော့ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုသာမက အသက်ဆုံးရှုံးနိုင်တဲ့ အန္တရာယ်အထိ အကြမ်းဖက်ခံရနိုင်ကြောင်း ဆွေးနွေးသုံးသပ်ကြပါတယ်။

ကျွန်မတို့ရဲ့ အနာဂတ်သားကောင်းရတနာ၊ သမီးကောင်းရတနာလေးတွေ မပွန်းမရှ လှပတဲ့ဘဝလေးတွေ ရရှိပိုင်ဆိုင်နိုင်ကြဖို့ ကျွန်မတို့ လူသားအားလုံးမှာ တာဝန်ရှိကြပါတယ်။ သားသမီးလေးများဘက်ကလည်း မိမိတို့လိုက်နာစောင့်ထိန်းရမယ့် တာဝန်တွေ၊ ဝတ္တရားတွေနဲ့ စည်းကမ်းတွေကို အသိစိတ်ဓာတ်အပြည့်အဝနဲ့ စောင့်ထိန်းလိုက်နာကြဖို့ လိုအပ်လှပါတယ်။ မိမိတို့ရဲ့ အခွင့်အရေးတွေကို အလွဲသုံးစားမလုပ်ဘဲ မိမိတို့နိုင်ငံရဲ့ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးအတွက် အသုံးချမယ်ဆိုတဲ့ ခိုင်မာတဲ့ သန္နိဋ္ဌာန်များချမှတ်ပြီး နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးမှာ တစ်တပ်တစ်အား ပါဝင်ကြဖို့ တိုက်တွန်းလိုက်ပါတယ်။ ။

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၂-၁၁-၂၀၀၆ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၃၅	၆။	သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၀	၇။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၅	၉။	အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၀။	ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၅	၃။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၃၀	၄။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၅၀	၅။	မျိုးချစ်တပ်မတော်
၅:၁၀	၆။	ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
၅:၂၀	၇။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၅:၃၀	၈။	မြတ်နိုးကြစေအမျိုးသားအမွေ
၅:၄၀	၉။	သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၁။	နိုင်ငံတကာသတင်း
၆:၂၀	၁၂။	မိုးလေဝသသတင်း
၆:၂၅	၁၃။	လျှပ်တစ်ပြက်ရိုက်ချက်
၆:၃၅	၁၄။	လှုပ်လှုပ်ရှားရှားပုံရိပ်များ
၇:၀၀	၁၅။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "လျှို့ဝှက်ချက်" (အပိုင်း-၁၅)**
၈:၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၈။	ENGLISH USAGE
	၁၉။	ဗွီစီဒီကျော်ကြားတေးများ
	၂၀။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၁။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "နောက်ဆုံးပစ်မှတ်" (အပိုင်း-၉)**
	၂၂။	သင့်အတွက်မနက်ဖြန်
	၂၃။	အပိတ်နှုတ်ဆက်စကား
	၂၄။	ပြီးပါပြီ။

စပါးမျိုးသစ်ပြောင်းလဲရေးအတွက် မျိုးစပါးပြည့်တင်းစုဆောင်းသည့်အစီအစဉ်များ စနစ်တကျချမှတ်ဆောင်းသီးနှံ သီးထပ်သီးညှပ်များကို အစိုဓာတ်နှင့် ရာသီအချိန်မီစိုက်ပျိုးရန် အချိန်နှင့်တစ်ပြေးညီဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၂၁

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် နိုဝင်ဘာ ၁၉ ရက် နံနက် ၈ နာရီခွဲတွင် ပုသိမ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် ဧရာဝတီတိုင်း၏ ၂၀၀၅-၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသူများ၊ သီးနှံစိုက်ပျိုးထုတ်လုပ်မှု စွမ်းဆောင်ရည်ဆုရရှိကြသူများနှင့် အထွေထွေအရပ်ရပ်ဆိုင်ရာ၌ ဆုရရှိကြသူများအား ချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားပြီး ဆုရရှိကြသူများအား ဂုဏ်ပြုဆုများနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ပေးအပ် ချီးမြှင့်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း စီးပွားရေးတိုးတက်မှု အကောင်းဆုံးစွမ်းဆောင်နိုင်မှု ဆုရရှိသော ခရိုင်နှင့် မြို့နယ်များအား ငွေသားနှင့် ဒိုင်းဆုများကို ပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

အဆိုပါအခမ်းအနားသို့ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် ဇနီး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင့်ဆွေနှင့် တပ်မတော်အရာရှိကြီးများ၊ တိုင်းအဆင့်ဌာနဆိုင်ရာအကြီးအကဲများ၊ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်၊ ခရိုင်နှင့် မြို့နယ်တို့မှ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ တိုင်းရင်းသားလုပ်ငန်းရှင်များ၊ ထူးချွန်ဆုရရှိကြသူများနှင့် ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရှေးဦးစွာ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က ဧရာဝတီတိုင်း၏ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းအမှာစကားပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက အမှာစကားပြောကြားရာတွင် ဧရာဝတီတိုင်း၏ ဖွံ့ဖြိုးတိုးတက်ရေးကို ကျရာအခန်းကဏ္ဍအသီးသီးတွင် ပါဝင်ဆောင်ရွက်နေကြသည့်ပုဂ္ဂိုလ်များမှ ထူးချွန်ကြသောပုဂ္ဂိုလ်များကို ချီးမြှင့်အသိအမှတ်ပြုခြင်းသည် ဧရာဝတီတိုင်းအတွက်သာမက နိုင်ငံတော်အတွက်ပါ ဂုဏ်ယူရမည့်နေ့လည်းဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ၏ လက်ရှိလူဦးရေ ၅၅သန်းကျော်တွင် ၇၀ရာခိုင်နှုန်းသည် ကျေးလက်ဒေသမှာနေထိုင်ကြပြီး အများစုသည် လယ်ယာ၊ သားငါး၊ သစ်တောဆိုင်ရာ စီးပွားရေးလုပ်ငန်းများတွင် ပါဝင်ဆက်စပ်လုပ်ကိုင်နေကြခြင်းကြောင့် စီးပွားရေးဘဝ ခိုင်မာတောင့်တင်းစေရန် နိုင်ငံတော်က ဖန်တီးဖော်ဆောင်လျက်ရှိပါကြောင်း။

ယခုအချိန်သည် မိုးစပါးရိတ်သိမ်းချိန်ကာလဖြစ်၍ အလေအလွင့်နည်းစေရန် မောင်းညိုချိန်မှာ ရိတ်သိမ်းပြီး စက်အား၊ လူအားများနှင့် အမြန်ရိတ်ခြွေရမည့်အချိန်ဖြစ်သလို နွေစပါးနှင့် ပဲမျိုးစုံ၊ ဆီထွက်သီးနှံတွေအပါအဝင် ဆောင်းသီးနှံ၊ သီးထပ်၊ သီးညှပ်များကိုလည်း အစိုဓာတ်၏ ရာသီအချိန်မီစိုက်ပျိုးမည့်ကာလဖြစ်၍ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်သွားကြရန်အထူးအရေးကြီးပါကြောင်း၊ သမားရိုးကျနည်းစနစ်များနှင့်သာ ဆောင်ရွက်၍မရတော့ဘဲ မျိုးသစ်၊ မျိုးကောင်း၊ မျိုးသန့်များ၊ ခေတ်မီသိပ္ပံနည်းစနစ်ကျ စိုက်ပျိုးစောင့်ရှောက်မှု နည်းလမ်းများ၊ စက်ကိရိယာများနှင့် ပေါင်းစပ်အသုံးပြုသွားရမှာဖြစ်၍ ကြိုတင်ပြင်ဆင်စုဆောင်းစီမံဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

နိုင်ငံတော်က စိုက်ပျိုးရေးကိုအားပေးသည့်အပြင် ဧရာဝတီ တိုင်းသူ၊တိုင်းသားများ၏ လုံ့လဝီရိယကြောင့် ၁၉၈၈ခုနှစ်က ဧရာဝတီတိုင်း၏ မိုးစပါးစိုက်ပျိုးမှုမှာ ဧက ၃၁သိန်း ကျော်သာရှိခဲ့ရာမှ ယခုအခါ ဧက ၃၇သိန်းစိုက်ပျိုးနိုင်ခဲ့ခြင်းကြောင့် မိုးစပါး ခြောက်သိန်းနီးပါး တိုးတက်စိုက်ပျိုးနိုင်သည်ကို တွေ့ရကြောင်း။

အမယ်သစ်သီးနှံများကို ဧရာဝတီတိုင်း၏ ရေ၊မြေဒေသနှင့် ကိုက်ညီသည့် ငရုတ်ကောင်း၊ နှစ်ရှည်သီးနှံများတွင်ပါသည့် ရော်ဘာတို့ကိုလည်း နှစ်စဉ်စီမံကိန်းလျာထားချက်နှင့်အညီ ပြည့်မီအောင်စိုက်ပျိုးသွားရမည်ဖြစ်ကြောင်း။

မွေးမြူရေးကဏ္ဍတွင်လည်း ရေချို၊ ရေငန်ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်း၊ ပင်လယ် ကမ်းနီးကမ်းဝေးငါးဖမ်းလုပ်ငန်းများကို တိုးတက်စေရန် ဆောင်ရွက်ရမှာဖြစ်သလို ကြက်၊ ဘဲ၊ ဝက်၊ နွား တိရစ္ဆာန်မွေးမြူရေးတို့ကိုလည်း တစ်ပိုင်တစ်နိုင်မှ စီးပွားဖြစ်လုပ်ကိုင်ကြရန် တိုက်တွန်းမှာကြားလိုပါကြောင်း၊ ဧရာဝတီတိုင်းသည် ရေချိုငါးမွေးမြူရေးကန် အများဆုံးပုစွန်မွေးမြူရေးတွင် ရခိုင်ပြည်နယ်ပြီးလျှင် ဒုတိယအများဆုံး၊ ဘဲမွေးမြူရေးတွင် နိုင်ငံတော်၌ အများဆုံးဖြစ်သည့်အတွက် ဆက်လက်တိုးချဲ့ဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း။

မြစ်ချောင်းပေါများသည့် ဧရာဝတီတိုင်းအတွင်း၌ နိုင်ငံတော်က လမ်း၊ တံတားတွေ အများဆုံးတည်ဆောက်ပေးနေပြီး မကြာခင်ကာလတွင် ဧရာဝတီတိုင်းရဲ့ ၄၃စင်းမြောက်တံတားကြီးဖြစ်သည့် ဖျာပုံတံတားဖွင့်လှစ်နိုင်တော့မှာဖြစ်၍ အချိန်တိုအတွင်း၌ ဖျာပုံ-ဒေးဒရဲ-ရန်ကုန် ဆက်သွယ်သွားလာနိုင်တော့မှာဖြစ်ကြောင်း၊ ဧရာဝတီတိုင်းအတွင်း မြို့နယ်ဒေသအချင်းချင်း ကွန်ရက်သဖွယ်သွားလာမှုပိုမိုလွယ်ကူလာကြောင်း၊ ထို့ကြောင့် လယ်ယာသားငါးထွက်ကုန်များနှင့် ကုန်စည်စီးဆင်းမှုသွက်လက်မြန်ဆန်လာပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည်လည်း အရှိန်အဟုန်မြင့်မားလာမှာဖြစ်ပါကြောင်း။

နိဂုံးချုပ်အနေနှင့် ဧရာဝတီတိုင်းသည် နိုင်ငံတော်၏ အဓိကအားထားရသည့်တိုင်းဖြစ်သည်နှင့်အညီ စီးပွားရေး၊ လူမှုရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်တည်ရှိပြီး သဘာဝအရင်းအမြစ်များ၊ တည်ရှိပြီးအခြေခံအဆောက်အအုံများ၊ လူသားအရင်းအမြစ်များနှင့် ပေါင်းစပ်ကာ ကဏ္ဍစုံ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် အဆင့်ဆင့်သော ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ တိုင်းရင်းသားလုပ်ငန်းရှင်များ၊ လယ်သမားများ၊ ကျောင်းသားကျောင်းသူများ အပါအဝင် ပြည်သူတစ်ရပ်လုံးကြိုးပမ်း ဆောင်ရွက်ကြပါဟု တိုက်တွန်းမှာကြားရင်း နိဂုံးချုပ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် သီးနှံစိုက်ပျိုးထုတ်လုပ်မှုနှင့် စွမ်းဆောင်ရည်ဆုများနှင့် အထွေထွေအရပ်ရပ်ဆိုင်ရာ ဆုများပေးအပ်ချီးမြှင့်ရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက စီးပွားရေးတိုးတက်မှု အကောင်းဆုံးစွမ်းဆောင်နိုင်မှုဆုရ မအူပင်ခရိုင်၊ မြို့နယ်အဆင့်တွင် ပထမဆုရ သာပေါင်းမြို့နယ်၊ ဒုတိယဆုရ ညောင်တုန်းမြို့နယ်နှင့် တတိယဆုရ ကျောင်းကုန်းမြို့နယ်တို့မှ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများအား ငွေသားနှင့် ဒိုင်းဆုများကိုလည်းကောင်း၊ ၂၀၀၆ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ တစ်နိုင်ငံလုံး သိပ္ပံဘာသာတွဲ၌ အဋ္ဌမဆုရရှိသည့် ကျုံပျော်မြို့နယ် အခြေခံပညာအထက်တန်းကျောင်းမှ မောင်ကောင်းမြတ်သူ၊ ဝိဇ္ဇာဘာသာတွဲ၌ စတုတ္ထဆုရ မြန်အောင်မြို့ အခြေခံပညာအထက်တန်းကျောင်းမှ မောင်အောင်ဆန်းမင်း၊ ဝိဇ္ဇာဘာသာတွဲ၌ ပဥ္စမဆုရ ကျောင်းကုန်းမြို့မှ မောင်အောင်မျိုးဆန်း၊ ဝိဇ္ဇာဘာသာတွဲ၌ အဋ္ဌမဆုရ ဟိုင်းကြီး အခြေခံပညာအထက်တန်းကျောင်းမှ မောင်အောင်မြင့်ထွန်း၊ ဝိဇ္ဇာဘာသာတွဲ၌ နဝမဆုရ အိမ်မဲမြို့ အခြေခံပညာအထက်တန်းကျောင်းမှ မအေးမြတ်သူ၊ ဝိဇ္ဇာဘာသာတွဲ၌ ဒသမဆုရ ရေကြည်မြို့ အခြေခံပညာအထက်တန်းကျောင်းမှ မမေမြတ်မွန်တို့အား ငွေသား၊ ကလပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က စီမံကိန်းအကောင်အထည်ဖော်နိုင်မှု အကောင်းဆုံးစွမ်းဆောင်ရည်ဆုရ မြောင်းမြခရိုင်နှင့် မြို့နယ်ဆု၌ ပထမရရှိသော မြောင်းမြမြို့နယ်၊ ဒုတိယဆုရ ညောင်တုန်းမြို့နယ်နှင့် တတိယဆုရ ငပုတောမြို့နယ်တို့မှ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတို့အား ငွေသားနှင့် ဒိုင်းဆုများကို လည်းကောင်း၊ ၂၀၀၆ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ သိပ္ပံဘာသာတွဲတွင် တိုင်းအဆင့်၌ ပထမဆုရ ကျုံပျော်မြို့နယ် အခြေခံပညာအထက်တန်းကျောင်းမှ မောင်ကောင်းမြတ်သူ၊ ဒုတိယဆုရ ဓနုဖြူမြို့နယ် အခြေခံပညာအထက်တန်းကျောင်းမှ မောင်လျှံဖြိုးသူ၊ တတိယဆုရ မအူပင်မြို့ အခြေခံပညာအထက်တန်းကျောင်းမှ မောင်စိုးနောင်နောင်၊ စတုတ္ထဆုရ မြန်အောင်မြို့ အခြေခံပညာအထက်တန်းကျောင်းမှ မောင်အောင်ကောင်းခန့်၊ ပဥ္စမဆုများ ရရှိကြသည့် ငသိုင်းချောင်း အခြေခံပညာအထက်တန်းကျောင်းမှ မောင်စည်သူထက်၊ ပုသိမ်မြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ မောင်ထွန်းနောင်လင်းနှင့် ပုသိမ်မြို့ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းမှ မဖြိုးမြတ်ဇင်၊ ဆဋ္ဌမဆုရ ပုသိမ်မြို့ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းမှ မောင်ဝင်းမင်းသူ၊ သတ္တမဆုရ ထူးကြီးမြို့ အခြေခံပညာအထက်တန်းကျောင်းမှ မမျိုးအိအိထွန်း၊ အဋ္ဌမဆုရ ကျောင်းကုန်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ မသန္တာစိုး၊ နဝမဆုရရှိကြသည့် ဓနုဖြူမြို့ အခြေခံပညာအထက်တန်းကျောင်းမှ မသက်ဖြိုးဆွေနှင့် ပုသိမ်မြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ မောင်ဖြိုးဝေလင်း၊ ဒသမဆုရ မြောင်းမြမြို့ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းမှ မမေပြုံးလဲ့ယဉ်တို့အား ငွေသား၊ ကလပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ထို့နောက် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက ကြက်လည်လိမ်မျက်စဉ်းကာကွယ်ဆေး ပြည့်မီစွာထုတ်လုပ်နိုင်မှု စွမ်းဆောင်ရည်ဆုရ ပုသိမ်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဒေသရောဂါကာကွယ်ရေး ဓာတ်ခွဲခန်း၊ ဒေသ ကြက်မွေးမြူရေး တိုးတက်မှုအကောင်းဆုံး မြို့နယ်ဆုရ မော်လမြိုင်ကျွန်းမြို့နယ်တို့အား ငွေသားနှင့် ဒိုင်းဆုကိုလည်းကောင်း၊ ငါးမွေးမြူသည့် ကုမ္ပဏီများ၏ မွေးမြူထုတ်လုပ်မှု အများဆုံးဆုရ ဖြိုးရောကုမ္ပဏီ၊ ငါးမွေးမြူသည့် ပုဂ္ဂလိကလုပ်ငန်းရှင်များတွင် ထုတ်လုပ်မှုအများဆုံးဆုရ ပန်းတနော်မြို့နယ်မှ ဦးငြိမ်းမြိုင်၊ ရေငန်ပုစွန် သိပ္ပံနည်းကျမွေးမြူသူများတွင် အကောင်းဆုံးထုတ်လုပ်နိုင်မှုဆုရ ဧရာဝတီ ရေလုပ်ငန်းဖွံ့ဖြိုးရေးကုမ္ပဏီ လီမိတက်၊ ရေချိုပုစွန် မွေးမြူထုတ်လုပ်မှု အကောင်းဆုံးဆုရ အာရှသားကုမ္ပဏီတို့အား ဒိုင်းဆုများကိုလည်းကောင်း၊ ငါး၊ ပုစွန်ထုတ်လုပ်မှု လျာထားချက်အပေါ် အကောင်အထည်ဖော်နိုင်မှုတွင် အမြင့်မားဆုံးမြို့နယ်ဆု ရရှိကြသည့် ညောင်တုန်းမြို့နယ်၊ မအူပင်မြို့နယ်နှင့် ပန်းတနော်မြို့နယ်တို့အား ငွေသားနှင့် ဒိုင်းဆုများကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင့်ဆွေက မိုးစပါးလျာထားချက်အပေါ် ဧရိယာအများဆုံး တိုးချဲ့ဖော်ထုတ်မှုတွင် ပထမဆုရရှိသည့် ပုသိမ်ခရိုင်၊ ဒုတိယဆုရ မြောင်းမြခရိုင်နှင့် တတိယဆုရ ဖျာပုံခရိုင်တို့အား လည်းကောင်း၊ ရာနှုန်းပြည့် မြေအသုံးချမှုဆုရ လေးမျက်နှာမြို့နယ်အားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် အမှတ်(၁) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်သူက ၂၀၀၆ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် တိုင်းအတွင်း၌ ဝိဇ္ဇာဘာသာတွဲတွင် ပထမဆုရ မြန်အောင်အထကမှ မောင်အောင်ဆန်းမင်း၊ ဒုတိယဆုရ ကျောင်းကုန်းမြို့မှ မောင်အောင်မျိုးဆန်း၊ တတိယဆုရ ဟိုင်းကြီးအထကမှ မောင်အောင်မြင့်ထွန်း၊ စတုတ္ထဆုရ အိမ်မဲအထကမှ မအေးမြတ်သူ၊ ပဥ္စမဆုရ ရေကြည်အထကမှ မမေမြတ်မွန်၊ ဆဋ္ဌမဆုရရှိကြသည့် ရေကြည်အထကမှ မောင်ရဲထိုက်အောင်နှင့် လပွတ္တာအထကမှ မအေးအေးခိုင်၊ သတ္တမဆုရ ပုသိမ်အထကမှ စသိန်းဇော်အောင်၊ အဋ္ဌမဆုရ ဓနုဖြူအထကမှ မောင်ထွန်းထွန်းဝင်း၊ နဝမရရှိကြသည့် အင်္ဂပူအထကမှ မောင်ငြိမ်းမင်းအောင်နှင့် အိမ်မဲအထကမှ မနန်းဗိုလာ၊ ဒသမဆုရ ဇလွန်အထကမှ မအေးအေးမော်တို့အား ငွေသား၊ကလပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ အထွေထွေမန်နေဂျာ ဦးလှမျိုး၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ ဗိုလ်မှူးကြီးတင့်ဆွေ၊ ရဲမှူးကြီး သူရတင်လှနှင့် တာဝန်ရှိသူများက ၂၀၀၅-၂၀၀၆ခုနှစ်တွင် မိုးစပါး၊ နွေစပါး အစေ့ထုတ်ပြောင်း၊ မြေပဲ၊ နှမ်း၊နေကြာ၊ မတ်ပဲ၊ ပဲတီစိမ်းနှင့် ပဲစင်းငုံစိုက်ပျိုးရေး၌ တစ်ဧကအထွက်နှုန်း အကောင်း ဆုံးဆုရ တောင်သူများအားလည်းကောင်း၊ မိုးစပါး၊ နွေစပါးနှင့် မိုးစပါးနှင့် နွေစပါး နှစ်ရပ်ပေါင်းတို့တွင် စိုက်ပျိုးထုတ်လုပ်မှုအကောင်းဆုံးဆုရ လပွတ္တာ၊ကျိုက်လတ်နှင့် ဘိုကလေးမြို့နယ်၊ မြို့နယ်များအားလည်းကောင်း၊ ဆီထွက်သီးနှံ အကောင်းဆုံးစိုက်ပျိုး ထုတ်လုပ်မှုဆုရ အင်္ဂပူမြို့နယ်၊ ပဲမျိုးစုံ အကောင်းဆုံး စိုက်ပျိုးထုတ်လုပ်မှုဆုရ ဟင်္သာတမြို့နယ်၊ သီးနှံစိုက်စွမ်းအား မြင့်မားစွာဆောင်ရွက်နိုင်မှုဆုရ ဇလွန်၊ ဓနုဖြူနှင့် အင်္ဂပူမြို့နယ်၊ မိုးစပါးဧက ၄၀၀စံပြကွက်များတွင် ပန်းတိုင်ရည်မှန်းချက်ကို အကောင်အထည်ဖော်နိုင်သည့် ပထမဆုရ ဟင်္သာတမြို့နယ်၊ ဒုတိယဆုရ ရေကြည်မြို့နယ်နှင့် တတိယဆုရ ဇလွန်မြို့နယ်၊ ၂၀၀၅ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့အထိမ်းအမှတ်အခမ်းအနားတွင် FAO ဆုများရရှိကြသော တိုင်းအတွင်းရှိ မြို့နယ်နှင့် တောင်သူများအားလည်းကောင်း၊ ငွေသားနှင့် ဒိုင်းဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ တိုင်းဆည်မြောင်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးတင့်ဆန်းနှင့် တိုင်းအဆင့်ဌာနဆိုင်ရာ အကြီးအကဲများက စက်ကိရိယာများသုံး၍ အလေအလွင့်လျော့နည်းစွာဆောင်ရွက်နိုင်မှုဆု၊ ဝင်ငွေအများဆုံးစွမ်းဆောင်နိုင်မှု ဘက်စုံထူးချွန်ဆု၊ စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေး စွမ်းဆောင်နိုင်မှုဆု၊ တရားဥပဒေစိုးမိုးရေးနှင့်ရပ်ရွာအေးချမ်းသာယာရေး ဆောင်ရွက်နိုင်မှုအကောင်းဆုံးဆု၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်အကောင်အထည်ဖော်နိုင်မှုဆုရရှိကြသော ခရိုင်နှင့်မြို့နယ်များနှင့် စက်မှုဇုန်များအား ငွေသားနှင့် ဆုဖလားများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်)မှ ညွှန်ကြားရေးမှူး ဦးရဲမြင့်နှင့် ပုသိမ်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဦးလှတင့်တို့က ၂၀၀၆ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဧရာဝတီတိုင်းအတွင်းမှ ခြောက်ဘာသာဂုဏ်ထူးရရှိခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူ ၁၈ ဦးတို့အားလည်းကောင်း၊ တိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးတင့်နှင့် တိုင်းပညာရေးမှူး(စစ်ဆေးရေး) ဦးစိုးသိန်းတို့က ၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ငါးဘာသာဂုဏ်ထူးရရှိကြသည့် ပုသိမ်ခရိုင်မှ ကျောင်းသား၊ ကျောင်းသူ ၁၇ ဦး၊ ဟင်္သာတခရိုင်မှ ကျောင်းသား၊ ကျောင်းသူ ၁၃ ဦး၊ မြောင်းမြခရိုင်မှ ကျောင်းသား၊ ကျောင်းသူ ရှစ်ဦး၊ မအူပင်ခရိုင်မှ ကျောင်းသား၊ ကျောင်းသူ ငါးဦးနှင့် ဖျာပုံခရိုင်မှ ကျောင်းသား၊ ကျောင်းသူ ခုနစ်ဦးတို့အား ငွေသားနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကိုလည်းကောင်း၊ ၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ တိုင်းအတွင်း အောင်ချက်အမြင့်မားဆုံး ပထမဆုရ ကြံခင်းမြို့နယ်၊ ဒုတိယဆုရ ဓနုဖြူမြို့နယ်နှင့် တတိယဆုရ ကျုံပျော်မြို့နယ်၊ ၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ တိုင်းအတွင်း အောင်ချက်အမြင့်မားဆုံးကျောင်း ပထမဆုရ ကျုံပျော်အထက၊ ဒုတိယဆုရ ပုသိမ်အထက(၂)နှင့် တတိယဆုရ မြောင်းမြအထက(၁)တို့အား ငွေသားနှင့် ကလပ်ကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ဆုရရှိကြသူများကိုယ်စား ဟင်္သာတခရိုင် အင်္ဂပူမြို့နယ် မတ်ပဲစိုက်ပျိုးထုတ်လုပ်မှု အကောင်းဆုံးဆုရရှိသူ ဦးကျင်ထွေးက ကျေးဇူးတင်စကားပြောကြားပြီး ဆုချီးမြှင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့များ၏ အစည်းအဝေးများ မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ သတ်မှတ်နေရာများ၌ ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၁

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့များဖြစ်ကြသည့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့၊ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့နှင့် တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့တို့၏ အစည်းအဝေးများကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ သတ်မှတ်ထားသော နေရာများ၌ကျင်းပရာ အစုအဖွဲ့အလိုက် သဘာပတိအဖွဲ့ဝင်များနှင့် ညီလာခံကိုယ်စားလှယ်များ တက်ရောက်ကြသည်။

နိုင်ငံရေးပါတီများမှကိုယ်စားလှယ်များအစုအဖွဲ့

နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့၏ အစည်းအဝေးကို နံနက် ၉နာရီတွင် ဆွေးနွေးပွဲခန်းမ(၁)၌ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် ‘ဝ’အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီမှ ဦးစောဖီးလစ် (ခေါ်) ဦးဖီးလစ်ဆမ်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီမှ ဦးထွန်းရင်လောနှင့် ရှမ်းပြည်နယ် ကိုးကန့်ဒီမိုကရက်တစ်ပါတီမှ ဦးလီကွယ်ချင်းတို့ကဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီရုံး လုပ်ငန်းအဖွဲ့(၃)မှ ဒုတိယညွှန်ကြားရေးမှူး ဦးခင်မောင်ဖြူက လည်းကောင်း၊ တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဌေးဌေးဝင်းကလည်းကောင်း ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ်ပေါင်း ၃၀ ရှိသည့်အနက် ကိုယ်စားလှယ် ၂၈ဦးတို့ တက်ရောက်ကြပြီး ရာခိုင်နှုန်းအားဖြင့် ၉၃ ဒသမ ၃၃ရှိသဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ခွင့်ပြုချက်အရ အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် အလှည့်ကျသဘာပတိ ဦးစောဖီးလစ်(ခေါ်) ဦးဖီးလစ်ဆမ်က အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် ရွေးကောက်တင်မြှောက်ခြင်းအခန်း၊ နိုင်ငံရေးပါတီများအခန်းနှင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံစုံညီအစည်းအဝေးတွင်အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်အပေါ် အကြံပြုချက်စာတမ်းများကို မြို(ခေါ်) ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့မှ ဦးသာဘန်းအောင်ကလည်းကောင်း၊ လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီမှ ဦးကျာဟားရှဲက လည်းကောင်း၊ ပြည်ထောင်စုကရင်အမျိုးသားအဖွဲ့ချုပ်မှ ဦးစောစံရွှေက လည်းကောင်း၊ ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီမှ ဦးခင်မောင်အေးကလည်းကောင်း၊ ‘ဝ’အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီမှ ဦးညီပလုပ်က လည်းကောင်း အသီးသီးဖတ်ကြားတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင်ပါဝင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းအခန်း၊ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်အခန်း၊ ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များအခန်းနှင့် အထွေထွေ ပြဋ္ဌာန်းချက်များအခန်းတို့အတွက် အသေးစိတ် အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်ကို အကြံပြုချက်စာတမ်းများ ပြုစုရန်အချိန်ကာလ သတ်မှတ်ရေးအတွက် သဘာပတိ အဖွဲ့ဝင်များနှင့် နိုင်ငံရေးပါတီများမှ အမျိုးသားညီလာခံကိုယ်စားလှယ်များက ညှိနှိုင်းဆွေးနွေးကြသည်။

ထို့နောက် အလှည့်ကျသဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို နံနက် ၁၁နာရီတွင် ရုပ်သိမ်းလိုက်သည်။

နိုင်ငံရေးပါတီများမှကိုယ်စားလှယ်များအစုအဖွဲ့အစည်းအဝေးကို ဆွေးနွေးပွဲခန်းမ(၁)၌ ကျင်းပရာ အလှည့်ကျသဘာပတိ ‘ဝ’အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီမှ ဦးစောဖီးလစ်(ခေါ်)ဦးဖီးလစ်ဆမ် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးကို ပြည်ထောင်စုခန်းမ၌ကျင်းပရာ အလှည့်ကျသဘာပတိ ရခိုင်ပြည်နယ်မှ ဦးအောင်ဖဲဝေ အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့

တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့၏ အစည်းအဝေးကို နံနက် ၉နာရီတွင် ပြည်ထောင်စုခန်းမ၌ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် ရခိုင်ပြည်နယ်မှ ဦးအောင်ဖဲဝေက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ကရင်ပြည်နယ်မှ ဦးမန်းအုံးမောင်၊ ကယားပြည်နယ်မှ ဦးကျော်ဒင်(ခေါ်) ဦးထေးရယ်၊ တနင်္သာရီတိုင်းမှ ဦးမောင်လှ(ခေါ်)ဦးလှမြင့်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)မှ ဒူးဝါးဇုတ်ဒေါင်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ လုပ်ငန်းအဖွဲ့(၅)မှ ဒုတိယညွှန်ကြားရေးမှူး ဦးတင်မောင်ဦးက လည်းကောင်း၊ တွဲဖက် အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲလွင်တို့ကလည်းကောင်း ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ်ပေါင်း ၆၄၅ ဦးရှိသည့်အနက် ကိုယ်စားလှယ် ၄၇၀ တက်ရောက်ကြပြီး ရာခိုင်နှုန်းအားဖြင့် ၇၂ ဒသမ ၈၇ ရှိသဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက်အလှည့်ကျသဘာပတိ ရခိုင်ပြည်နယ်မှ ဦးအောင်ဖဲဝေက အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် ရွေးကောက်တင်မြှောက်ခြင်းအခန်း၊ နိုင်ငံရေးပါတီများ အခန်းနှင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်းတို့အတွက် ချမှတ်သင့်သည် အသေးစိတ် အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံစုံညီ အစည်းအဝေးသို့ တင်ပြမည့်အစုအဖွဲ့၏ အကြံပြုချက်စာတမ်းကို ပဲခူးတိုင်းမှ ဦးဝင်းမြင့်စိုးက လည်းကောင်း၊ ကချင်ပြည်နယ်မှ ဒေါ်ဆိုင်းခေါင်က လည်းကောင်း၊ ရန်ကုန်တိုင်းမှ ဦးအောင်သန်းဦးကလည်းကောင်း၊ ဧရာဝတီတိုင်းမှ ဦးခင်မောင်ရီက လည်းကောင်း အသီးသီးဖတ်ကြားကြပြီး အကြံပြုချက်စာတမ်းကို အလှည့်ကျသဘာပတိက အစုအဖွဲ့ကိုယ်စားလှယ်များ၏ အတည်ပြုချက်ကိုရယူသည်။

ယင်းနောက် အလှည့်ကျသဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို နံနက် ၁၀နာရီခွဲတွင် ရုပ်သိမ်းလိုက်သည်။

တောင်သူ လယ်သမားကိုယ်စားလှယ်များအစုအဖွဲ့

တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့၏ အစည်းအဝေးကို နံနက် ၉နာရီတွင် ဆွေးနွေးပွဲခန်းမ(၄)၌ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် ရန်ကုန်တိုင်းမှ ဦးမြအေးက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ရှမ်းပြည်နယ်မှ ဦးစိုင်းတင့်အောင်နှင့်စစ်ကိုင်းတိုင်းမှ ဦးကံညွန့်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီရုံး လုပ်ငန်းအဖွဲ့(၆)မှ ဒုတိယညွှန်ကြားရေးမှူး ဦးနေဝင်းကလည်းကောင်း၊ တွဲဖက် အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်စိန်ကလည်းကောင်း ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ်ပေါင်း ၉၃ဦးရှိသည့်အနက် ကိုယ်စားလှယ် ၈၀တို့ တက်ရောက်ကြပြီး ရာခိုင်နှုန်းအားဖြင့် ၈၆ ဒသမ ၀၂ ရှိသဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အစည်းအဝေးစတင် ကျင်းပကြောင်းကြေညာသည်။

ထို့နောက် အလှည့်ကျသဘာပတိ ရန်ကုန်တိုင်းမှ ဦးမြအေးက အဖွင့်အမှာ စကားပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် ရွေးကောက်တင်မြှောက်ခြင်းအခန်း၊ နိုင်ငံရေးပါတီများအခန်းနှင့် အရေးပေါ်ကာလ ဆိုင်ရာပြဋ္ဌာန်းချက်များ အခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံ ရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တင်ပြမည့် အစုအဖွဲ့၏ အကြံပြုချက်စာတမ်းကို ဧရာဝတီတိုင်းမှ ဦးစိုးနိုင်ကလည်းကောင်း၊ ကရင်ပြည်နယ်မှ ဦးမန်းအဘီးကလည်းကောင်း၊ ကချင်ပြည်နယ်မှ ဦးဟောင်းဂျုံးကလည်းကောင်း အသီးသီးဖတ်ကြားတင်ပြကြပြီး အကြံပြုချက်စာတမ်းကို အလှည့်ကျသဘာပတိက အစုအဖွဲ့ကိုယ်စားလှယ်များ၏ အတည်ပြုချက်ကို ရယူသည်။

ယင်းနောက် အလှည့်ကျသဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို နံနက် ၁၀နာရီ ၂၅မိနစ်တွင် ရုပ်သိမ်းလိုက်သည်။(သတင်းစဉ်)

တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးကို ဆွေးနွေးပွဲခန်းမ(၄)၌ကျင်းပရာ အလှည့်ကျသဘာပတိ ရန်ကုန်တိုင်းမှ ဦးမြအေး အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ကမ္ဘောဒီးယားနိုင်ငံ ဆီယံရိမြို့၌ ကျင်းပမည့် The 4th East Asia Forum သို့ တက်ရောက်ရန် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် တွဲဖက်အတွင်းရေးမှူး(၂) ဦးထွန်းအောင် နိုဝင်ဘာ ၂၀ ရက်က လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ ပို့ဆောင်နှုတ်ဆက်သူများနှင့်အတူ တွေ့ရစဉ်။

(ဓာတ်ပုံ–ကုန်သည်/စက်မှု)

ဝိပဿနာ ခုနစ်ရက်တရားစခန်း

ရန်ကုန် နိုဝင်ဘာ ၂၁

ရန်ကုန်တိုင်းဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် အမှတ်(၈၈)(၅၈) (ပန်းချီပန်းပု ရပ်ကွက်)ရှိ ဆရာကြီးဦးသန်း (မဟာသဒ္ဓမ္မဇောတိကဓဇ) ကမ္မဋ္ဌာန်းရိပ်သာတွင် ဒီဇင်ဘာ ၁ရက် ညနေမှ ဒီဇင်ဘာ ၉ရက် နံနက်အထိ ဝိပဿနာခုနစ်ရက်စခန်း နဝမအကြိမ်မြောက် ဖွင့်လှစ်ပြသမည်ဖြစ်ပါ၍ စားစရိတ်ငြိမ်း တရားအားထုတ်လိုသော ပုဂ္ဂိုလ်များ ကြွရောက်ကြရန် ဖိတ်ကြားထားသည်။

(က–ပ)

☆ ရှေ့ဖုံးမှ

ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယ ဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်း၊ တပ်မတော်စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ် ဗိုလ်ချုပ်ရဲမြင့်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းတို့ တက်ရောက်ကြပြီး ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ လေတပ်ဦးစီးချုပ်နှင့် အဖွဲ့ဝင်များနှင့်အတူ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E Mr. Bhaskar Kumar Mitra နှင့် စစ်သံမှူး Col, Jasvinder Singh Chopra တို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယ ဗိုလ်ချုပ်ကြီးမြတ်ဟိန်း အိန္ဒိယသမ္မတနိုင်ငံ လေတပ်ဦးစီးချုပ် Air Chief Marshal S.P Tyagi, PVSM, AVSM, VM, ADC Chairman, Chief of Staff Committee and Chief of the Air Staff တို့ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြစဉ်။
(သတင်း-ကျော်ဖုံး)
(သတင်းစဉ်)

ကာကွယ်ရေး ဦးစီးချုပ်(လေ) ဒုတိယ ဗိုလ်ချုပ်ကြီး မြတ်ဟိန်း အိန္ဒိယသမ္မတနိုင်ငံ လေတပ်ဦးစီးချုပ် Air Chief Marshal S.P Tyagi, PVSM, AVSM, VM, ADC Chairman, Chief of Staff Committee and Chief of the Air Staff အား နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်း-ကျော်ဖုံး)
(သတင်းစဉ်)

ရေလယ်ကျွန်းရွှေဘုန်းပွင့်စေတီ ပြုပြင်မွမ်းမံရေးလှူဒါန်းနိုင်

ရန်ကုန် နိုဝင်ဘာ ၂၁

ညောင်လေးပင်မြို့နယ် မဒေါက်မြို့ သောင်ကြီးကျေးရွာ ရေလယ်ကျွန်း ရွှေဘုန်းပွင့် ပြည်တော်အေး ဆုတောင်းပြည့် စေတီတော်တွင် ရန်ကုန်တိုင်း သုဝဏ္ဏမြို့နေ ဘုရားဂေါပကဥက္ကဋ္ဌ ဦးကျော်ဝ ဦးဆောင်၍ ဂေါပကအဖွဲ့ဝင်များ၊ ရန်ကုန်မြို့မှ အလှူရှင်များနှင့် ကျေးရွာအလှူရှင်များ စုပေါင်းလှူဒါန်းမှုဖြင့် ဘက်စုံပြုပြင်တည်ဆောက်ခဲ့ရာ သံဃာတည်းခိုရန် နှစ်ထပ်ကျောင်း ရတနာ့ဗိမာန်ဓမ္မာရုံကြီးနှင့် ဘုရားပတ်ပတ်လည် အာရုံခံ တန်ဆောင်းလေးခု တည်ဆောက်ပြီးဖြစ်သည်။

ပြုပြင်မွမ်းမံရန်အတွက် လှူဒါန်းလိုသူများသည် ဦးကျော်ဝ ဖုန်း-၅၇၀၉၆၅ နှင့် ၅၇၈၀၂၅ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ (၂၃)

ဝန်ကြီး ဗိုလ်ချုပ်လှထွန်းအား ဂျာမနီနိုင်ငံမှ ဧည့်အဖွဲ့ တွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၂၁

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းအား ဂျာမနီနိုင်ငံ Fritz Werner Industries မှ Managing Director, Mr. Werner Schoeltzke နှင့် အဖွဲ့သည် ယနေ့ ညနေ ၃ နာရီတွင် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းသို့ လာရောက်တွေ့ဆုံနှုတ်ဆက်သည်။

ထိုသို့ တွေ့ဆုံနှုတ်ဆက်ရာတွင် ဝန်ကြီးနှင့်အတူ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေနှင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များလည်း တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ထူးခြားသည့် ညအပူချိန်	(၂၁-၁၁-၂၀၀၆)
ဟားခါး	၃ ဒီဂရီစင်တီဂရိတ်

အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ပဉ္စမအကြိမ်မြောက် အစားအသောက် အရည်အသွေးမြှင့်တင်ရေးဆိုင်ရာ ကျွမ်းကျင်သူများ ညှိနှိုင်းအစည်းအဝေး ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၁

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ပဉ္စမအကြိမ်မြောက် အစားအသောက် အရည်အသွေးမြှင့်တင်ရေးဆိုင်ရာ ကျွမ်းကျင်သူများ ညှိနှိုင်းအစည်းအဝေး (5th Meeting of ASEAN Expert Group on Food Safety) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ် Myanmar Ball Room ခန်းမ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး၊ မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါက်တာဒေါ်ဝေဝေသော၊ အာဆီယံ အဖွဲ့ဝင်နိုင်ငံများမှ သံအမတ်ကြီးများနှင့် ကိုယ်စားလှယ်များ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ်၊ ဥရောပနိုင်ငံများအဖွဲ့ ကိုယ်စားလှယ်၊ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့မှ တာဝန်ရှိသူများ၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ အစည်းအဝေး ကျင်းပရေးကော်မတီဝင်များ၊ ဆပ်ကော်မတီဝင်များ၊ အစားအသောက်ဆိုင်ရာ ပညာရှင်များ၊ ဩစတြေးလျနိုင်ငံနှင့် နယူးဇီလန်နိုင်ငံများမှ အစားအသောက်စီမံချက်ဆိုင်ရာ ပညာရှင်များနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးက အဖွင့်အမှာစကား ပြောကြားရာတွင် ယခု အစည်းအဝေးသည် မြန်မာနိုင်ငံကျန်းမာရေးဝန်ကြီးဌာနမှ ပထမဆုံးအကြိမ် အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသော အာဆီယံနိုင်ငံများ၏ အစားအသောက်အရည်အသွေးဆိုင်ရာ ကျွမ်းကျင်သူများ ညှိနှိုင်းအစည်းအဝေး ဖြစ်ကြောင်း။

အစားအသောက်မှတစ်ဆင့် ရရှိနိုင်သော ရောဂါများသည် စိုက်ပျိုးမွေးမြူထုတ်လုပ်မှုမှသည် စားသုံးသည်အထိ အဆင့်ဆင့်တွင် မသန့်ရှင်းမှုများကြောင့် ဖြစ်ရကြောင်း၊ ဝမ်းပျက်ဝမ်းလျှောမှသည် အာဟာရချို့တဲ့မှု၊ နာတာရှည်နာမကျန်းမှုများထိ ဖြစ်နိုင်ကြောင်း၊ အစားအသောက်မှတစ်ဆင့် ရရှိသော ရောဂါပိုးများကြောင့် ဖြစ်ပွားသောရောဂါများသည် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ကလေးငယ်များ အထူးသဖြင့် အသက်(၅)နှစ်အောက် ကလေးငယ်များတွင် အများဆုံး ဖြစ်ပွားလျက်ရှိကြောင်း၊ အစားအသောက် သန့်ရှင်းမှုကို ပိုမိုအလေးထားဆောင်ရွက်ရန် နိုင်ငံတကာမှ စီစဉ်ဆောင်ရွက်နေကြောင်း၊ ယခု အစည်းအဝေးသည် အာဆီယံနိုင်ငံများအတွင်း အစားအသောက် သန့်ရှင်း အကောင်အထည်ဖော်ဆောင်ရွက်မှုကို စီမံချက်များဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ အာဆီယံနိုင်ငံများ၏ အစားအသောက် ဥပဒေများကို ညှိနှိုင်း အကောင်အထည်ဖော်ရန် ဖြစ်ကြောင်း၊ ပထမအကြိမ်မြောက် အာဆီယံအဖွဲ့ဝင် နိုင်ငံများ၏ အစားအသောက် အရည်အသွေးဆိုင်ရာ ကျွမ်းကျင်သူများ ညှိနှိုင်းအစည်းအဝေးကို ၂၀၀၁ခုနှစ်မှ စတင်၍ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် စတင်ကျင်းပခဲ့ကြောင်း၊ အာဆီယံ အဖွဲ့ဝင်နိုင်ငံများအလိုက် အက္ခရာစဉ်အဖြစ် အလှည့်ကျ အိမ်ရှင်နိုင်ငံအဖြစ် လက်ခံ ကျင်းပခြင်းဖြစ်ကြောင်း၊ အာဆီယံ အစားအသောက် အရည်အသွေးမြှင့်တင်ရေးအဖွဲ့သည် အစားအသောက် အန္တရာယ်ကင်းရေး အတွက် စိုက်ပျိုးမွေးမြူထုတ်လုပ်မှုမှသည် စားသုံးသည်အထိ အဆင့်ဆင့်၌ နိုင်ငံတကာ အစားအသောက်ဆိုင်ရာ နီးနွှယ်အဖွဲ့များ၊ စိုက်ပျိုးရေးဆိုင်ရာ ပညာရှင်အဖွဲ့နှင့် အခြားအာဆီယံကော်မတီများက လက်တွဲဆောင်ရွက် အကောင်အထည်ဖော်လျက်ရှိကြောင်း ဖြင့် ပြောကြားသည်။

ထို့နောက် အာဆီယံ အဖွဲ့ရုံးမှ လူသားအရင်းအမြစ်ဖွံ့ဖြိုးရေး အကြီးတန်းအရာရှိ Dr. Bounpheng Philavong က အမှာစကား ပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ ပဉ္စမအကြိမ်မြောက် အစားအသောက် အရည်အသွေးမြှင့်တင်ရေးဆိုင်ရာ အစည်းအဝေးကို ကျင်းပရာ အစားအသောက်ဆိုင်ရာ နီးနွှယ်အစည်းအဝေးများ၏ ဆုံးဖြတ်ချက်များနှင့် ပတ်သက်၍ အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှုများ၊ ဆောင်ရွက်ရန် လျာထားချက်များနှင့် ပတ်သက်၍ အာဆီယံ အဖွဲ့ဝင်နိုင်ငံများ၏ အစားအသောက် ပညာရှင်များက ပါဝင်ဆွေးနွေးကြသည်။

အစည်းအဝေးကို ယနေ့မှစ၍ နိုဝင်ဘာ ၂၃ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။(သတင်းစဉ်)

နေပြည်တော်

(၂၂-၁၁-၂၀၀၆)

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

အာဆီယံ အဖွဲ့ဝင်နိုင်ငံများ၏ ပဉ္စမအကြိမ်မြောက် အစားအသောက် အရည်အသွေးဆိုင်ရာ ကျွမ်းကျင်သူများ ညှိနှိုင်းအစည်းအဝေး ဖွင့်ပွဲတွင် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရွှေနိုင်ငံဂျာနယ် အတွဲ (၅) အမှတ်(၁၃) ထွက်ပြီ

ရန်ကုန် နိုဝင်ဘာ ၂၁

ရွှေနိုင်ငံဂျာနယ် အတွဲ(၅) အမှတ်(၁၃)ကို ယနေ့ ဖြန့်ချိလိုက်ပြီ ဖြစ်သည်။ အဆိုပါဂျာနယ်တွင် မြန်မာနိုင်ငံအား တရုတ်က အတိုးနှုန်းသက်သာသော ချေးငွေယွမ်သန်း ၃၀၀နှင့် အတိုးမဲ့ချေးငွေ ယွမ်သန်း ၅၀ပေးမည်။ ရန်ကုန်စီးပွားရေး တက္ကသိုလ် အငြိမ်းစားပါမောက္ခချုပ် ဦးမော်သန်း၏ အမြင်နှင့်သဘောထား၊ အင်အားအကြီးဆုံးအဓိကပုဂ္ဂလိက စီးပွားရေးအဖွဲ့အစည်းကြီး၊ သစ်ဈေးကွက်ကို ဘယ်လိုယှဉ်ပြိုင် ထိုးဖောက်မည်လဲ၊ ရန်ကုန်မြို့တော်မှထုတ်သော မော်တော်ကားများ၊ မိုဘိုင်းလ်ဖုန်းဖြင့် SMSပေးပို့ရာတွင် မြန်မာစာသုံးနိုင်မည်၊ အနာဂတ်တွင် သန့်ရှင်းသည့်၊ ကောင်းမွန်သည့် အုပ်ချုပ်ရေးစနစ်ဖြစ်အောင် ပြုပြင်ပြောင်းလဲနေ၊ မကြာမီ သီလဝါအထူးစီးပွားရေးဇုန်ကြီး ပေါ်လာမည်၊ ဆောင်းကြက်သွန်ပိုမိုစိုက်ပျိုးထွက်ရှိရန် ကြိုးပမ်းလျက်ရှိ၊ သားဖွားနှင့် သူနာပြုအခန်းကဏ္ဍ အရေးပါ၊ မိမိရဲ့ မဟာမိတ်များအပါးမှ ခပ်ဝေးဝေးနေရန် အမေရိကန်ကို အီရတ်ဝန်ကြီးချုပ် အမိန့်ပေး၊ လူသတ်ကွင်းများဖြစ်လာတဲ့ အီရတ်ဆေးရုံများ စသည့် ပြည်တွင်း ပြည်ပ သတင်းများ၊ ဆောင်းပါးများ၊ ဓာတ်ပုံများ ဝေဝေဆာဆာဖြင့် ဖော်ပြပါရှိသည်။

စာမူများပေးပို့ရန်နှင့် ဆက်သွယ်ရန်လိပ်စာမှာ ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်း၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းအဆောက်အအုံ ရွှေနိုင်ငံဂျာနယ် ဖုန်း–၃၈၂၀၇၀ ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

နိုဝင်ဘာ ၂၁ ရက်က ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ (၃၅)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ညှော့ခံပွဲသို့ တက်ရောက်လာသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဇနီးတို့အား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ စစ်သံမှူး Brig Gen Shawkat Jamal ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီအား ဖရစ်(ဇ်)ဝါနာကုမ္ပဏီမှ ဥက္ကဋ္ဌနှင့်အဖွဲ့ တွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၂၁

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီအား ဂျာမနီနိုင်ငံ Fritz Wernerကုမ္ပဏီမှ President, Mr. Wermer Schoeltzkeဦးဆောင်သော အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် စွမ်းအင်ဝန်ကြီးဌာန စွမ်းအင်စီမံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးအောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီအား ဂျာမနီနိုင်ငံ Fritz Werner **ကုမ္ပဏီမှ** President, Mr. Wermer Schoeltzke **ဦးဆောင်သော အဖွဲ့ လာရောက်တွေ့ဆုံစဉ်။** (သတင်းစဉ်)

(၈၆)နှစ်မြောက် အမျိုးသားနေ့အခမ်းအနားကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၁

မွန်ပြည်နယ် မော်လမြိုင်မြို့နယ် (၈၆)နှစ်မြောက် အမျိုးသားနေ့ အခမ်းအနားကို နိုဝင်ဘာ ၁၄ ရက်တွင် မော်လမြိုင်မြို့နယ် အမှတ်(၉) အခြေခံပညာ အထက်တန်းကျောင်း(ယခင်ရှင်မဟာ ဗုဒ္ဓဃောသအမျိုးသားကျောင်း) ရှိဦးသာညွှန်းဓမ္မာရုံ၌ကျင်းပရာ မွန်ပြည်နယ် ပညာရေးမှူး ဦးထွန်းရီ၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းဝင်း၊ မြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး မောင်မောင်မြင့်၊ မြို့နယ်ပညာရေးမှူးဦးမျိုးတင့်အောင်၊ မြို့နယ်ဌာနဆိုင်ရာများ၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များ၊ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများနှင့် ဆုရကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော (၈၆)နှစ်မြောက် အမျိုးသားနေ့သဝဏ်လွှာကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက ဖတ်ကြားသည်။

ယင်းနောက် (၈၆)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် မြို့နယ်အဆင့် စာစီစာကုံးပြိုင်ပွဲ၌ ဆုရကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ပွဲကို ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက ဆုများကို ပေးအပ်ချီးမြှင့်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမျိုးသားတံခွန်စိုက် ကရာတေးဒိုပြိုင်ပွဲ ကာကွယ်ရေးနှင့် သစ်တောရေးရာဗိုလ်စွဲ

ရန်ကုန် နိုဝင်ဘာ ၂၁

မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ၂၀၀၆ခုနှစ် အမျိုးသား တံခွန်စိုက်ကရာတေးဒို ပြိုင်ပွဲ၏ ဗိုလ်လုပွဲများနှင့် ဆုချီးမြှင့်ပွဲတို့ကို နိုဝင်ဘာ ၁၉ရက်တွင် ရန်ကုန်မြို့ အောင်ဆန်း အားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံ အားကစားပြိုင်ပွဲရုံ၌ ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစား အဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေးနှင့် နာယကများ၊ မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဝင်းဇော်နှင့် အထွေထွေ အတွင်းရေးမှူး အားကစားနှင့် ကာယ ပညာဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဦးစိုးဝင်းနှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများနှင့် ကရာတေးဒို အားကစားဝါသနာရှင်များ ကြည့်ရှုအားပေးကြသည်။

ဗိုလ်လုပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကိုကျင်းပရာ အမျိုးသမီး၊ အမျိုးသားတစ်ဦးချင်း ပြိုင်ပွဲများ၌ ဆုရရှိသူများအား အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ၊ အထူးဖိတ်ကြားထားသူများက ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ၂၀၀၆ခုနှစ် အမျိုးသားတံခွန်စိုက် ကရာတေးဒို ပြိုင်ပွဲ၌ ရွှေတံဆိပ်ခြောက်ခု၊ ငွေတံဆိပ် တစ်ခုတို့ဖြင့် ပထမရရှိသော သစ်တောရေးရာ အမျိုးသမီးအသင်းနှင့် ရွှေတံဆိပ်လေးခု၊ ကြေးတံဆိပ်တစ်ခု တို့ဖြင့် ပထမရရှိသော ကာကွယ်ရေး ဝန်ကြီးဌာန အမျိုးသားအသင်းတို့အား တံခွန်စိုက် ဆုဖလားကြီးများကို ပေးအပ်ချီးမြှင့်လိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက် ၂၀၀၆ ခုနှစ် အမျိုးသားတံခွန်စိုက် ကရာတေးဒိုပြိုင်ပွဲ ပထမရရှိသွားသော သစ်တောရေးရာ အမျိုးသမီးအသင်းအား တံခွန်စိုက်ဆုဖလားကြီးကို ချီးမြှင့်စဉ်။
(ကရာတေးဒိုအဖွဲ့ချုပ်)

ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းများ ရှာဖွေတူးဖော်နေစဉ် ရေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာ

ရန်ကုန် နိုဝင်ဘာ ၂၁

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ကမ်းလွန် ရေနံရှာဖွေ တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော PTTEP International Limited သည် ဧရာဝတီတိုင်း မုတ္တမကမ်းလွန် လုပ်ကွက်အမှတ်(M-9)တွင် Geophysical Site Survey တိုင်းတာရေးလုပ်ငန်းများကို တိုင်းတာရေးရေယာဉ် MV Geo Surveyor ဖြင့် ၂၀၀၆ခုနှစ် ဒီဇင်ဘာ ၁၀ရက်မှ ၂၀၀၇ခုနှစ် ဇန်နဝါရီ ၁၉ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

Geophysical Site Survey တိုင်းတာရေးလုပ်ငန်းများဆောင်ရွက်မည့် တည်နေရာများမှာ Point-P မြောက်လတ္တီတွဒ် ၁၄ဒီဂရီ ၄၀မိနစ် ၀၀စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၃၄ မိနစ် ၄၇ စက္ကန့်၊ Point-Q မြောက်လတ္တီတွဒ် ၁၄ဒီဂရီ ၄၀မိနစ် ၀၀စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၁၅ မိနစ် ၀၀စက္ကန့်၊ Point-R မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၅၇မိနစ် ၁၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၁၅မိနစ် ၀၀စက္ကန့်၊ Point-S မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၅၇ မိနစ် ၁၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ဒီဂရီ ၃၄ မိနစ် ၄၇စက္ကန့်တို့ အတွင်းတွင် ဖြစ်သည်။

တိုင်းတာရေးရေယာဉ် MV Geo Surveyor ဖြင့် Geophysical Site Survey တိုင်းတာရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှုမဖြစ်ပေါ်စေနိုင်ရေးအတွက် ဖော်ပြပါ လုပ်ငန်းခွင် ဧရိယာမှ ၄ကီလိုမီတာပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက်(Notice to Mariner's) ထုတ်ပြန်ကြေညာထားရာ သင်္ဘောကြီး၊ ငယ်များ၊ ကုန်တင်စက်လှေများ၊ စက်တပ်သမ္မန်များနှင့် ငါးဖမ်းသင်္ဘောများ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်းများ မပြုလုပ်ကြရန် သက်ဆိုင်ရာက အသိပေးကြေညာထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စိမ်းလဲ့ရွှေပြည်ဂျာနယ် အတွဲ(၃) အမှတ်(၁၂) ဖြန့်ချိ

ရန်ကုန် နိုဝင်ဘာ ၂၁

စိမ်းလဲ့ရွှေပြည်ဂျာနယ် အတွဲ(၃) အမှတ်(၁၂)ကို ယနေ့ထုတ်ဝေဖြန့်ချိလိုက်သည်။

ယခုတစ်ပတ်ဂျာနယ်တွင် ခင်မောင်တင်(ဝဲလောင်)ရဲ့ "သူ့ကျွန်မခံ မျိုးချစ်ခေါင်းဆောင် ဗိုလ်ရာညွန့်နှင့်" ယနေ့ဝဲလောင်စံပြကျေးရွာ ပြောင်းလဲတိုးတက်မှုများ"၊ ဆရာသာဂဒိုးရဲ့ "နှာခေါင်းရောဂါ ကုန်ကျမှုသက်သာစွာ"၊ သီရိခေတ်ရဲ့" မိုးပေါ်က ကြယ်အကြောင်းတစေ့တစောင်း"၊ မြင်းခြံကျော်အောင်ရဲ့"မှူးလျှိုးပဲလျှိုးဖြိုးကျွန်ဖြစ်"၊ ဟိန်းလတ်ရဲ့" စားတတ်မှကျန်းမာသက်ရှည်"၊ ဖိုးထွေး(စိုက်ပျိုးရေး)ရဲ့ "စိုက်ပျိုးရေးဆိုင်ရာ ဗီဇပြုပြင်နည်း"၊ မော်ကျွန်းစိုးမြင့်ရဲ့ "မြန်မာနိုင်ငံတွင် လိပ်ကျွန်းလိပ်သောင် ၁၅ခု ထိန်းသိမ်းလျက်ရှိ၊ ပင်လယ်ပြင် တစ်သန်းကျော်လွှတ်ခဲ့ပြီးဖြစ်တဲ့ သက်တမ်းရှည်ကြာသက်ရှိ ရတနာပင်လယ် လိပ်မျိုးထိန်းသိမ်းပါ" ဆောင်းပါး၊ ဂေါက်သီးများအတွင်းမှ ဘိန်းဖြူ ၉၀၈သိန်းဖိုး ခန့် ဖမ်းဆီးရမိ၊ အသိပေါင်းတိုက်တဲ့ လက်ဖက်ရည်တစ်ခွက်သောက်မိသူ၊ ရုပ်ရှင်ဆန်ဆန်လိမ်ကွက် အပါအဝင် သတင်းထောက် ခင်မောင်ညွန့်ရဲ့ "မှုခင်းသတင်းများ"အပြင် ဘွတ်(ရှ်)ရဲ့ ရီပတ်ပလီကင်ပါတီ ရှုံးနိမ့်ရခြင်းအကြောင်း၊ သေဒဏ် ကျခံရတော့မည့် ဆက်ဒမ်ဟူစိန်၊ ဘဂ္ဂဒက်မြို့တော်ကို ဖျက်ဆီးနေသည့် မရဏတပ်ဖွဲ့များ အစရှိတဲ့ မောင်မြားရဲ့ "လက်ရှိမျက်မှောက်ရေးရာ နိုင်ငံတကာသတင်းများ" အပါအဝင် ပြည်တွင်းသတင်းဦးသတင်းထူးများကို ဝေဝေဆာဆာ ဖော်ပြထားသည်။

စိမ်းလဲ့ရွှေပြည်သတင်းဂျာနယ်က စာမူရှင်များအား ဖိတ်ခေါ်ထားပြီး စာမူများပေးပို့လိုလျှင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဖုန်း–၃၈၂၀၇၀သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၂–၁၁–၂၀၀၆ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၅။ အတီးပြိုင်ပွဲ
၈:၀၀ ၆။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
၈:၁၅ ၇။ အရေးပြိုင်ပွဲ
၈:၃၀ ၈။ International News.
၈:၄၅ ၉။ Let's Go.
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ Practice in Reading.
၄:၄၅ ၄။ တေးသရုပ်ဖော်အစီအစဉ်
၄:၅၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ –ဒုတိယနှစ် (သမိုင်းအထူးပြု)(သမိုင်း)
၅:၀၅ ၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာ တေးသံသာ
၅:၂၀ ၇။ အတီးပြိုင်ပွဲ
၅:၂၅ ၈။ မြန်မာစာ၊ မြန်မာစကား
၅:၃၅ ၉။ သီချင်းကြီးပဒေသာ
၅:၄၅ ၁၀။ **"ချစ်သောမြေချစ်သောရေ" (ရာဇာနေဝင်း၊ ခိုင်နှင်းဝေ) (ဒါရိုက်တာ–ခင်နွဲ့နွဲ့မူ)**
၅:၅၀ ၁၁။ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
၆:၀၀ ၁၂။ ညနေခင်းသတင်း
၆:၃၀ ၁၃။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၄။ သုတစုံလင်ရွှေဉာဏ်ရှင်
၇:၀၅ ၁၅။ **"ကောင်းခြင်းဝေဖြာ" (ထွန်းထွန်းနိုင်၊ ရန်ပိုင်စိုး၊ ပိုင်ဇေရဲထွန်း၊ မင်းသူ၊ မြင့်မြင့်ခိုင်၊ ခင်မို့မို့အေး၊ ချစ်စနိုးဦး) (ဒါရိုက်တာ–အောင်မိုး–ပဲရစ်)**
၇:၂၀ ၁၆။ ကြေးမုံရိပ်သွင်တေးနယ်ဉ်
၇:၃၅ ၁၇။ ကြားမြင်သုတပြည့်ဝစေရာ စာပဒေသာ
၇:၄၅ ၁၈။ သတ္တမအကြိမ် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံ အကြောင်း သိကောင်းစရာ
၈:၀၀ ၁၉။ ပြည်တွင်းသတင်း
၂၀။ နိုင်ငံတကာသတင်းများ
၂၁။ မိုးလေဝသအခြေအနေ
၂၂။ **၂၀၀၆ခုနှစ် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနား ဖျော်ဖြေတင်ဆက်မှုအစီအစဉ်၊ အကဲဖြတ်အဖွဲ့ဝင်များနှင့် မျိုးဆက်သစ် အနုပညာရှင်များ၏ လက်ဆင့်ကမ်းဝေမျိုးဆက် အမွေ ဖျော်ဖြေတင်ဆက်မှုအစီအစဉ်**
၂၃။ နောက်တစ်နေ့အစီအစဉ်
၂၄။ အစီအစဉ်ပြီး၏။

ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ဖိုးကျားဆင်စခန်း ကြည့်ရှု အမျိုးသားကန်တော်ကြီးဥယျာဉ် ပြုပြင်မွမ်းမံမှု စစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၂၁

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် နိုဝင်ဘာ ၁၈ ရက် နံနက်ပိုင်းတွင် ရေတာရှည်မြို့နယ် ဖိုးကျားဆင်စခန်းသို့ ရောက်ရှိပြီး ရှေးဦးစွာ ဆင်များစွမ်းရည်ပြသမှုကိုကြည့်ရှုရာ မြန်မာ့သစ်လုပ်ငန်းနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်နေသည့် Asia Green ကုမ္ပဏီမန်နေဂျင်း ဒါရိုက်တာ ဦးမင်းလတ်က လိုက်လံရှင်းလင်းပြသသည်။

ယင်းနောက်ဝန်ကြီးက ဆင်ဝန်ထမ်းများအား ထောက်ပံ့ပစ္စည်းများပေးအပ်သည်။

အဆိုပါ ဖိုးကျားဆင်စခန်းကို နိုင်ငံခြားသားများ လာရောက်တည်းခိုအနားယူလျက်ရှိပြီး ဆင်အလှ ပြသမှုပြကွက်များနှင့် မြန်မာ့သဘာဝ ကျွန်းတောကြီးများ ပေါက်ရောက်ရှင်သန်နေမှုကို တောလမ်းခရီးတစ်လျှောက် ဆင်စီး ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

ဝန်ကြီးနှင့် အဖွဲ့သည် မွန်းလွဲပိုင်းတွင် ရေတာရှည်မြို့နယ် မြန်မာ့သစ်လုပ်ငန်း ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာန အမှတ်(၂၀) သစ်စက် သာဂရသို့ ရောက်ရှိရာ စက်ရုံရှင်းလင်းဆောင်၌ စက်ရုံမှူး လက်ထောက်မန်နေဂျာ ဦးမောင်မောင်စိုးက စက်ရုံ၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များကို မှာကြားပြီး စက်ရုံအတွင်း သစ်ခွဲစိတ်လည်ပတ်ပုံ အဆင့်ဆင့်နှင့် ခွဲစိတ်ပြီး သစ်ခွဲသားများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးသည် နိုဝင်ဘာ ၁၉ ရက် မွန်းလွဲပိုင်းတွင် တာဝန်ရှိသူများလိုက်ပါလျက် ပြင်ဦးလွင်မြို့ အမျိုးသားအထိမ်းအမှတ်ဥယျာဉ် (National Landmarks Garden) သို့ ရောက်ရှိရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက ထပ်မံဆောင်ရွက်ရန် လိုအပ်သည်များကို မှာကြားပြီး အမျိုးသားအထိမ်းအမှတ်ဥယျာဉ်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ဝန်ကြီးနှင့် တာဝန်ရှိသူများသည် အမျိုးသားကန်တော်ကြီးဥယျာဉ်သို့ ရောက်ရှိပြီး (၇၅)နှစ်မြောက် စိန်ရတု အထိမ်းအမှတ်ဖွင့်ပွဲ အခမ်းအနားကျင်းပရန် ပြင်ဆင်နေမှု၊ ပန်းပွဲတော်ကျင်းပရန် ဆောင်ရွက်ထားရှိမှု၊ ဓာတ်ပုံပြပွဲ ကျင်းပမည့်နေရာ၊ သစ်ခွဥယျာဉ် တည်ဆောက်လျက်ရှိသည့်နေရာတို့ကို လှည့်လည်ကြည့်ရှုကြသည်။

ပြင်ဦးလွင်မြို့၌ ဒီဇင်ဘာလ ဒုတိယပတ်အတွင်း အမျိုးသား အထိမ်းအမှတ်ဥယျာဉ် ဖွင့်ပွဲအခမ်းအနား၊ အမျိုးသားကန်တော်ကြီး ဥယျာဉ် (၇၅) နှစ်ပြည့် စိန်ရတုအထိမ်းအမှတ် အခမ်းအနားနှင့် ပန်းပွဲတော်တို့ကို ပျော်ပွဲရွှင်ပွဲများစွာဖြင့် ငါးရက်တိုင်တိုင် ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ရေတာရှည်မြို့နယ် မြန်မာ့သစ်လုပ်ငန်း ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာန အမှတ်(၂၀) သစ်စက် သာဂရတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သစ်တောရေးရာ)

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဗိုလ်စိန်မှန်ရပ်ကွက် ဗိုလ်လက်ျာလမ်းနေ ဒေါ်အေးဟန်နှင့် သားသမီးမြေးတစ်စုက ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် ၂၁၀၀၀၀ ကို အနုနာယက ဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရား နာယူပြီး တိ–နိ(ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး(ဘဏ္ဍာ) ဦးသိန်းကျော်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ဆေးတက္ကသိုလ်(၁) ၁၉၇၆ ခုနှစ်ဘွဲ့ရ ကျောင်းသားကျောင်းသူဟောင်းများ မြတ်ဆရာပူဇော်မည်

ရန်ကုန် နိုဝင်ဘာ ၂၁

ရန်ကုန်ဆေးတက္ကသိုလ်(၁) ၁၉၆၉ ခုနှစ်တွင် စတင်ဝင်ရောက်ခဲ့ပြီး ၁၉၇၆ ခုနှစ်၌ ဆေးပညာဘွဲ့ရသော ကျောင်းသား၊ ကျောင်းသူများ၏ မြတ်ဆရာပူဇော်ပွဲကို ဒီဇင်ဘာ ၂၃ ရက် နံနက် ၉ နာရီတွင် ကရဝိက်နန်းတော် ကန်တော်ကြီး မင်္ဂလာခန်းမ၌လည်းကောင်း၊ နှစ်(၃၀)မြောက် ပုလဲရတုအထိမ်းအမှတ် မိတ်ဆုံညစာစားပွဲကို ညနေ၆နာရီခွဲတွင် Traders Hotel ၌လည်းကောင်း ကျင်းပမည်ဖြစ်သည်။

ကျောင်းသား၊ ကျောင်းသူဟောင်းများအနေဖြင့် အလှူငွေများကို ဒေါက်တာခင်သန်းအေး (Nellie) ဖုန်း–၅၁၀၂၈၃၊ ဒေါက်တာခိုင်ယဉ်မေသန်း (Marie) ဖုန်း–(ရုံး) ၂၁၁၁၈၀၊ (အိမ်) ၅၁၂၇၀၇၊ ဒေါက်တာသီတာသိန်းရွှေ ဖုန်း–၃၈၆၈၄၁၊ ဖုန်း–၀၉၅–၁၀၄၁၅၈၊ ဒေါက်တာစန်းစန်းမြင့် (Cynthia) ဖုန်း–၅၅၉၂၉၇၊ ဒေါက်တာဇော်ဝင်း ဖုန်း–၆၈၂၄၇၃၊ ဖုန်း–၀၉၅–၀၀၀၃၀၈၊ ဒေါက်တာရဲထွဋ် ဖုန်း–(ရုံး) ၂၅၁၅၀၈၊ လိုင်းခွဲ–၁၅၃၊ (အိမ်) ၆၆၁၇၄၀၊ ဖုန်း–၀၉၅–၁၃၆၇၀၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ပခုက္ကူမြို့နယ်တွင် ပြည်သူလူထုအခြေပြုရောဂါကာကွယ်ရေးနှင့် ပြုစုစောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်

ရန်ကုန် နိုဝင်ဘာ ၂၁

ပခုက္ကူမြို့၌ ပြည်သူလူထုအခြေပြုရောဂါကာကွယ်ရေးနှင့် ပြုစုစောင့်ရှောက်ရေးလုပ်ငန်း အကြိုညှိနှိုင်းဆွေးနွေးပွဲများကို ကျင်းပလျက်ရှိရာ စက်တင်ဘာ ၃၀ ရက်တွင် မကွေးတိုင်း ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအောင်ဝင်းက လူမှုရေးအသင်းအဖွဲ့များနှင့် ကျန်းမာရေးဝန်ထမ်းများအား ပခုက္ကူမြို့ ပြည်သူ့ ဆေးရုံကြီး၌လည်းကောင်း၊ အောက်တိုဘာ ၂ ရက်တွင် ကျန်းမာရေးဦးစီးဌာန ခုခံကျ/ကာလသား ရောဂါတိုက်ဖျက်ရေး (ဗဟို)မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာကံဦးက လူမှုရေးအသင်းအဖွဲ့ များနှင့် ကျန်းမာရေးဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းများကိုလည်းကောင်း၊ အောက်တိုဘာ ၄ ရက်တွင် ခုခံကျ/ကာလသားရောဂါ တိုက်ဖျက်ရေး (ဗဟို)မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာကံဦး၊ မကွေးတိုင်း ခုခံကျ/ ကာလသားဆရာဝန်ကြီး ဒေါက်တာမြင့်အောင်၊ ပခုက္ကူမြို့ ခုခံကျ/ကာလသားရောဂါ တိုက်ဖျက်ရေး အဖွဲ့ခေါင်းဆောင် ဒေါက်တာတင်မောင်ထွေး၊ မကွေးတိုင်း တီဘီရောဂါနှိမ်နင်းရေးအဖွဲ့မှ ဒေါက်တာမြင့်စန်း၊ မြို့နယ် တီဘီရောဂါနှိမ်နင်းရေးအဖွဲ့ခေါင်းဆောင်ဒေါက်တာ ပီတာနေဝင်းနှင့် မြို့နယ်သူနာပြုအသင်းမှ ဒေါ်ညွှန့်ညွှန့်တို့က ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို လည်းကောင်း ရှင်းလင်းပြောကြားကြသည်။

အောက်တိုဘာ ၅ ရက်တွင် ကျင်းပခဲ့သည့် အေအိုင်ဒီအက်စ်၊ တီဘီနှင့် အခြားနာတာရှည် ရောဂါဝေဒနာရှင်များနှင့် မိသားစုများအတွက် လူမှုရေးအသင်းအဖွဲ့များက ပူးပေါင်းဆောင်ရွက်မည့် ပြည်သူလူထုအခြေပြု ရောဂါကာကွယ်ရေးနှင့် ပြုစုစောင့်ရှောက်ရေး လုပ်ငန်းစီမံချက်ညှိနှိုင်းပွဲ အခမ်းအနားသို့ မကွေးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒေါက်တာအောင်ဝင်း၊ ကျန်းမာရေးဦးစီးဌာန ခုခံကျ/ကာလသား ရောဂါတိုက်ဖျက်ရေး(ဗဟို)မှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာမင်းသွယ်၊ ပခုက္ကူမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ ပခုက္ကူခရိုင် အမျိုးသမီးရေးရာအဖွဲ့၊ ပခုက္ကူခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့နှင့် ပခုက္ကူမြို့နယ် သူနာပြုအသင်းတို့မှ တာဝန်ရှိသူများတက်ရောက်၍ ရှင်းလင်းပြောကြားကြသည်။

အောက်တိုဘာ ၅ ရက်တွင် မကွေးတိုင်း ကျန်းမာရေးဦးစီးဌာနမှူး၊ ပခုက္ကူခရိုင်နှင့် မြို့နယ် ကျန်းမာရေးဝန်ထမ်းများသည် လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်း၍ အဖွဲ့နှစ်ဖွဲ့ခွဲကာ အမှတ်(၁၁)ရပ်ကွက်နှင့် အမှတ်(၁၅) ရပ်ကွက်တို့သို့ ကွင်းဆင်းသွားရောက်ပြီး နာတာရှည် ရောဂါဝေဒနာရှင် ၂၀ တို့အား အိမ်တိုင်ရာရောက် တွေ့ဆုံအားပေးကာ လိုအပ်သော ဆေးဝါးများနှင့် အစားအသောက်များကို ကူညီထောက်ပံ့ပေးအပ်ခဲ့ကြသည်။

ဆက်လက်၍ ရက်သတ္တနှစ်ပတ်လျှင် တစ်ကြိမ် အခြားရပ်ကွက်နှစ်ကွက်သို့ တိုးချဲ့သွားရောက်၍ ကွင်းဆင်းဆောင်ရွက်သွားမည်ဖြစ်ပြီး ဒီဇင်ဘာ ၃၁ ရက်တွင် မြို့ပေါ်ရပ်ကွက် အားလုံးသို့ လွှမ်းခြုံပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်သည်။

ကျန်းမာရေး ဝန်ကြီးဌာနသည် လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်း၍ ပြည်သူလူထု အခြေပြုကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ မကွေးတိုင်း ပခုက္ကူမြို့ အမှတ် (၁၃)ရပ်ကွက်နှင့် အမှတ်(၁၄) ရပ်ကွက်တို့တွင် အေအိုင်ဒီအက်စ်၊ တီဘီနှင့် အခြားနာတာရှည်ရောဂါ လူနာများ၊ မိသားစုများအတွက် လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်မည့် ပြည်သူလူထုအခြေပြု ရောဂါကာကွယ်ရေးနှင့် ပြုစုစောင့်ရှောက်ရေးလုပ်ငန်း ညှိနှိုင်းဆွေးနွေးပွဲကို အောက်တိုဘာ ၂၇ ရက်တွင် ပခုက္ကူမြို့ ပြည်သူ့ဆေးရုံကြီး၌ ကျင်းပခဲ့သည်။

ယင်းလုပ်ငန်း ညှိနှိုင်းဆွေးနွေးပွဲသို့ ပခုက္ကူခရိုင်နှင့် မြို့နယ်အာဏာပိုင် အဖွဲ့အစည်းများ၊ မကွေးတိုင်း ကျန်းမာရေး ဦးစီးဌာနမှူး၊ ပခုက္ကူခရိုင်နှင့် မြို့နယ် ကျန်းမာရေးဝန်ထမ်းများ၊ မကွေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့၊ ပခုက္ကူခရိုင်နှင့် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့နှင့် ပခုက္ကူမြို့နယ် သူနာပြုအသင်းတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြပြီး လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်သည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်နိုင်မှု အခြေအနေနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့်လုပ်ငန်းများ၊ အေအိုင်ဒီအက်စ်၊ တီဘီနှင့် အခြားနာတာရှည် ရောဂါလူနာများ၊ မိသားစုများအတွက် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ရေရှည်တည်တံ့စေရန် လုပ်ဆောင်ရမည့် လုပ်ငန်းများကို အသေးစိတ် ညှိနှိုင်းဆုံးဖြတ်ခဲ့ကြသည်။

အောက်တိုဘာ ၂၇ ရက်တွင် မကွေးတိုင်း ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအောင်ဝင်းနှင့် ပခုက္ကူမြို့ အထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာ သိန်းထွန်းတို့ ဦးစီးသော ကျန်းမာရေးဝန်ထမ်းများသည် လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် ပူးပေါင်း၍ ပခုက္ကူမြို့နယ်အတွင်းရှိ အမှတ်(၁၃)ရပ်ကွက်နှင့် အမှတ် (၁၄) ရပ်ကွက်တို့သို့ ကွင်းဆင်းကာ အေအိုင်ဒီအက်စ်ရောဂါ၊ တီဘီရောဂါနှင့် အခြားနာတာရှည် ရောဂါဝေဒနာရှင်များအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်း အနေဖြင့် ကျန်းမာရေးစစ်ဆေးပေးခြင်း၊ လူမှုရေးအသင်းအဖွဲ့များမှ လူနာများအား ဆေးရုံ၊ ဆေးခန်းသို့ ညွှန်းပို့ပေးခြင်း၊ ဆေးဝါးနှင့် အစားအသောက်များ ကူညီထောက်ပံ့ပေးခြင်း၊ မိသားစုများက ဝေဒနာရှင်များအား စနစ်တကျ ပြုစုစောင့်ရှောက်တတ်စေရန် လက်တွေ့ဆေးထည့်ပေးခြင်း၊ လူနာများက အကျိုးရှိစွာ နေထိုင်တတ်စေရန်နှင့် ထပ်ဆင့်ရောဂါများ ကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် နေထိုင်တတ်စေရန် ပညာပေးခြင်း၊ ကျန်းမာရေးနှင့်သက်ဆိုင်သည့် နှစ်သိမ့်ဆွေးနွေး ပညာပေးခြင်းများကို ဆောင်ရွက်ပေးကြပြီး ရောဂါဝေဒနာရှင်များနှင့် မိသားစုများအတွက် ကျန်းမာရေးပညာပေး လက်ကမ်းစာစောင်များ၊ ပိုစတာများကို ဖြန့်ဝေပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဝိဇ္ဇာတမင်္ဂလာနှင့် သိက္ခာထပ်အလှူ

ရန်ကုန် နိုဝင်ဘာ ၂၁

သာကေတမြို့နယ် အောင်စကြာမိုးကုတ်ရိပ်သာကြီး၏ ပြည်တွင်းပြည်ပ သာသနာပြု နယ်လှည့် ဓမ္မကထိက အောင်စကြာအရှင်စန္ဒသိရီ၏ နိုဝင်ဘာ ၂၆ ရက်တွင် ကျရောက်သော ဝိဇ္ဇာတမွေးနေ့မင်္ဂလာတွင် ရန်ကုန်မြို့ ကုန်သည်လမ်းနေ ရဟန်းဒါယကာကြီး ဦးကျင်မောင်၊ ရဟန်းဒါယိကာမကြီး ဒေါ်ရင်နုမိသားစုတို့က အကြိမ်(၁၄၀)မြောက် သိက္ခာထပ်၍ ဆွမ်း၊ သင်္ကန်း စသော လှူဖွယ်ဝတ္ထု အစုစုတို့ကို ဆက်ကပ်လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။

(က–ပ)

ပုပ္ပါးစကားဝါမြေ ဆရာတော်၏ ပြည်ပခရီး

ရန်ကုန် နိုဝင်ဘာ ၂၁

ရန်ကုန်မြို့ လှိုင်မြို့နယ် အမှတ်(၁၃) ရပ်ကွက်ရှိ ပဏ္ဍိတာရာမစာသင်တိုက်၏ နာယက စာချသာသနာပြု နယ်လှည့်ဓမ္မကထိက ပုပ္ပါးစကားဝါမြေ ဆရာတော် ဘဒ္ဒန္တပညာဝံသသည် နိုဝင်ဘာ ၂၄ ရက်တွင် အိန္ဒိယနိုင်ငံ၊ နီပေါနိုင်ငံနှင့် ဗုဒ္ဓဂယာမဇ္ဈိမဒေသတို့သို့ ဘာသန္တရ၊ ဒေသန္တရခရီး ကြွရောက်တော်မူမည်ဖြစ်သည်။ (က–ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၂–၁၁–၂၀၀၆ (ဗုဒ္ဓဟူးနေ့)

- ၇း၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
- ၇း၀၅ ဖူးမြော်ကြည်ညိုဖွယ်ရာ အောင်ဆုပြည့်ကြောင်း ရှစ်သောင်းလေးထောင် စေတီတော်မဟာ(ပခုက္ကူ)
- ၇း၂၀ တေးဂီတအစီအစဉ်
- ၇း၂၅ နိုင်ငံတကာအနုပညာရေးရာ
- ၇း၅၀ တေးဂီတအစီအစဉ်
- ၇း၅၅ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေး ပြပွဲ၊ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ
- ၈း၁၅ ပြည်တွင်းသတင်းအကျဉ်း
- ၈း၂၅ တေးဂီတအစီအစဉ်
- ၈း၃၀ လက်ဖက်စိုက်ပျိုးနည်း
- ၈း၃၅ တေးဂီတအစီအစဉ်
- ၈း၄၀ Yangon Panorama (Nikko Loy Krathong & Ta Saung Daing Festival)
- ၉း၁၅ နိုင်ငံတကာသတင်းအကျဉ်း
- ၉း၂၀ ရော်ဘာသစ်အလုပရိဘောဂ
- ၉း၃၅ တေးဂီတအစီအစဉ်
- ၉း၄၀ မိုးလေဝသခန့်မှန်းချက်
- ၉း၄၅ Midweek Sports News
- ၁၀း၀၀ တေးဂီတအစီအစဉ်
- ၁၀း၀၅ လုပဆန်းကြယ် မြန်မာ့ရွှေချည်ထည်
- ၁၀း၁၅ ပြည်တွင်းသတင်းအကျဉ်း
- ၁၀း၂၅ တေးဂီတအစီအစဉ်
- ၁၀း၃၀ Myanmar Video Rhythm
- ၁၁း၂၀ နိုင်ငံတကာသတင်းအကျဉ်း
- ၁၁း၂၅ ယူးချောင်းတံတား
- ၁၁း၃၅ တေးဂီတအစီအစဉ်
- ၁၁း၄၀ ယွန်းဖြစ်တည်ရာ ကျောက္ကာရွာ
- ၁၁း၅၅ တေးဂီတအစီအစဉ်
- ၁၂း၀၀ MRTV-4 အပိတ် Logo

အထက်ပါ ၅နာရီစာ အစီအစဉ်များကို ည ၁၁ နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

Champion League **ဘောလုံးပွဲစဉ်များ**

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁၁း၅၅	Spartak Moscow-Bayern Munich	5-Sports(Live)
၂း၀၀	Werder Bremen-Chelsea	5-Sports(Live)
	Levski Sofia-Barcelona	5-Series(Live)

မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း လူသွားစင်္ကြံအသစ် ခင်းကျင်းမှုကြည့်ရှုစစ်ဆေး

ရန်ကုန် နိုဝင်ဘာ ၂၁

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် ကော်မတီဝင် ဦးကျော်စိုး၊ အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား) ဌာနမှူး ဦးဗိုလ်ဌေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သန့်ရှင်းရေးဌာန ဌာနမှူး ဦးလင်းထွန်းမြင့်တို့လိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် လူသွားစင်္ကြံများအသစ်လဲလှယ်ခင်းကျင်းနေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် တာဝန်ရှိသူများသည် ဗဟန်းမြို့နယ် နတ်မောက်လမ်း လူသွားစင်္ကြံ ကွန်ကရစ်ကျောက်ပြားသစ်များ ခင်းကျင်းနေမှု၊ လမ်းဘေးကပ်တုံးများ အသစ်လဲလှယ် ဆောင်ရွက်နေမှုကိုလည်းကောင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်ဘူတာကြီး ရှေ့ယာဉ်ရပ်နား နေရာတို့တွင် ကတ္တရာကွန်ကရစ်ခင်းကျင်းနေမှုများကိုကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် တာဝန်ရှိသူများသည် ပုဇွန်တောင်မြို့နယ်၊ ကျောက်တံတားမြို့နယ်ရှိ အနော်ရထာလမ်းနှင့် လသာမြို့နယ် ရွှေတိဂုံဘုရားလမ်း (ကုန်သည်လမ်းနှင့်မဟာဗန္ဓုလလမ်းအကြား) လူသွားစင်္ကြံ ကွန်ကရစ်ကျောက်ပြားသစ်များ ခင်းကျင်းနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက်မြို့တော်ဝန်က လမ်းများ၊ လူသွားစင်္ကြံများ ရေရှည်တည်တံ့ပြီး မပျက်စီးစေရန်မှာ မြို့တော်စည်ပင်၌သာတာဝန်ရှိသည်မဟုတ်ဘဲ ပြည်သူများကပါ ပူးပေါင်းပါဝင်ကူညီ၍ ထိန်းသိမ်းစောင့်ရှောက်ရန်အရေးကြီးကြောင်း မှာကြားသွားသည်။ (၁၉)

ကြည့်ရှုစစ်ဆေး

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း ဗဟန်းမြို့နယ် နတ်မောက်လမ်း လူသွားစင်္ကြံခင်းကျင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (၁၉)

ပြည်သူလူထုအား လျှပ်စစ်ဓာတ်အား အပြည့်အဝဖြန့်ဖြူးပေးနိုင်ရေးဆောင်ရွက် တရားမဝင်သုံးစွဲမှုများအား ဖော်ထုတ်ထိန်းသိမ်း

ရန်ကုန် နိုဝင်ဘာ ၂၁

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် နိုဝင်ဘာ၁၉ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်မောင်စိုး၊အင်ဂျင်နီယာချုပ် ဦးထွန်းအေးနှင့် တာဝန်ရှိသူများလိုက်ပါ၍ အမှတ်(၅၆၈)ကမ်းနားလမ်းရှိ လမ်းမတော်မြို့နယ် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ အုပ်ချုပ်ရေးမှူးရုံးသို့ ရောက်ရှိပြီး မြို့နယ် အုပ်ချုပ်ရေးမှူး ဦးရဲမင်းထွန်းက မြို့နယ်ရုံး၏ နောက်ခံသမိုင်းကြောင်း၊ မြို့နယ်အတွင်း လျှပ်စစ်ဓာတ်အား လက်ခံရရှိမှုများ၊ မြို့နယ်အတွင်းတပ်ဆင်ထားရှိသော ထရန်စဖော်မာ ၈၉လုံးဖြင့် ဓာတ်အားဖြန့်ဖြူးပေးထားမှုများ၊ ဓာတ်အားခ ကောက်ခံရရှိမှုနှင့် ဓာတ်အားယူနစ်ပျောက်ဆုံးမှုများအား ရှင်းလင်းတင်ပြသည်။

ထို့နောက်ဝန်ကြီးက ဝန်ထမ်းများအား တွေ့ဆုံအမှာစကားပြောကြားရာတွင် မိမိတို့ ဝန်ထမ်းများအနေဖြင့် ပြည်သူလူထုအား လျှပ်စစ်ဓာတ်အားအပြည့်အဝ ဖြန့်ဖြူးပေးနိုင်ရေးကို အလေးထားဆောင်ရွက်စေလိုကြောင်း၊ ဝန်ထမ်းများအနေဖြင့် မသမာသော နည်းလမ်းများဖြင့် လျှပ်စစ်ဓာတ်အား တရားမဝင်သုံးစွဲမှုများအား ဖော်ထုတ်၍ လျှပ်စစ်စွမ်းအားကို ထိန်းသိမ်းသွားရန်လိုကြောင်း၊ ပြည်သူယုံကြည်အားကိုးသော ပြည်သူချစ်သော လျှပ်စစ်ဝန်ထမ်းကောင်းများဖြစ်အောင် ကြိုးစားကြရန်လိုကြောင်း ပြောကြားပြီး မီတာဖတ် စာရေးတစ်ဦးချင်းစီမှ ဖတ်ရှုရသော မီတာစာရင်းများအား ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး ပြည်သူလူထုနှင့် နက်ရှိုင်းစွာ ပူးပေါင်းဆောင်ရွက်ရေးမှာကြား

ရန်ကုန် နိုဝင်ဘာ ၂၁

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဗဟိုအလုပ်အမှုဆောင်၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးသည် နိုဝင်ဘာ ၁၈ရက် ညပိုင်းတွင် မြန်အောင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးသို့ရောက်ရှိ၍ မြို့နယ်အလုပ်အမှုဆောင်များ၊ မြို့ပေါ်ရှိ ရပ်ကွက်/ကျေးရွာစည်းရုံးရေးမှူးများအား တွေ့ဆုံဆွေးနွေးမှာကြားသည်။

ထိုသို့တွေ့ဆုံရာတွင် ဗဟိုအလုပ်အမှုဆောင်က အသင်းဖွဲ့စည်းမှု ပိုမိုခိုင်မာကျစ်လျစ်စေရေး၊ အသင်းဆိုင်ရာလုပ်ငန်းများကို ပိုမိုသွက်လက်ထက်မြက်စွာ ဆောင်ရွက်ရေး၊ ပြည်သူလူထုနှင့် ပိုမိုကျယ်ပြန့် နက်ရှိုင်းစွာ ပူးပေါင်းဆောင်ရွက်ရေးတို့ကို ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်သည် နိုဝင်ဘာ ၁၉ရက် နံနက်ပိုင်းတွင် ကနောင်မြို့ အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ကျောင်းသားလူငယ်အခြေပြု အသင်းဝင်အဆိုပြုလွှာ ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ဗဟိုအလုပ်အမှုဆောင်က ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဖွဲ့စည်းဖြစ်ပေါ်လာပုံ၊ အသင်း၏ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်များနှင့် အသင်း၏ တိုင်းကျိုးပြည်ပြုဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျောင်းသားကျောင်းသူများ၏ အသင်းဝင်အဆိုပြုလွှာ ၂၀၀ကို အသင်းဝင် ကျောင်းသား၊ ကျောင်းသူများကိုယ်စား ဆရာဦးကျော်လွင်ဦးက ပေးအပ်ရာ ဗဟိုအလုပ်အမှုဆောင်က လက်ခံယူသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်က ကျောင်း၏ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အသုံးပြုရန်အလှူငွေများကို ကျောင်းအုပ်ဆရာမကြီးထံ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဗဟိုအလုပ်အမှုဆောင်သည် ကြက်ဆူတောကျေးရွာ အခြေခံပညာ မူလတန်းကျောင်း မွမ်းမံပြင်ဆင်မှုများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကျောင်းအုပ်ဆရာမကြီးထံ အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ဗဟိုအလုပ်အမှုဆောင်သည် မြန်အောင်မြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသော ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ပဉ္စမအကြိမ်မြောက် အာစရိယ ပူဇော်ပွဲအခမ်းအနားသို့ တက်ရောက်၍ ဂါရဝပြု နှုတ်ဆက်စကားပြောကြားပြီး အလှူငွေများ ပေးအပ်လှူဒါန်းသည်။

အခမ်းအနားတွင် မြန်အောင်မြို့နယ် အသင်းက မြန်မာတစ်နိုင်ငံလုံး ဝိဇ္ဇာဘာသာတွဲ ထူးချွန် စတုတ္ထဆုရ မောင်အောင်ဆန်းမင်း၊ တိုင်းအဆင့် သိပ္ပံဘာသာတွဲ ထူးချွန်စတုတ္ထဆုရ မောင်အောင်ကောင်းခန့်နှင့် ဘာသာစုံဂုဏ်ထူးရရှိသူ မအိကြာဖြူခင်တို့အား ဆုများပေးအပ်ကြပြီး ကျောင်းသား၊ ကျောင်းသူဟောင်းများက အာစရိယ ပူဇော်ပွဲအတွက် ငွေပဒေသာပင်စိုက်ထူရန်အလှူငွေများပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး မြန်အောင်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ပဉ္စမအကြိမ်မြောက် အာစရိယပူဇော်ပွဲတွင် နှုတ်ခွန်းဆက်စကားပြောကြားစဉ်။ (စွမ်းအင်)

မန္တလေးမြို့၌ တရားမဝင်သေနတ်ကိုင်ဆောင်ပြီး မိန်းကလေးတစ်ဦးအား ပစ်ခတ်ခဲ့သည့် တရားခံ စံပြား(ခ)စိုင်းစံကို မြန်မာနိုင်ငံ ရဲတပ်ဖွဲ့က ၂၄နာရီအတွင်း ဖမ်းဆီးရမိ

နေပြည်တော် နိုဝင်ဘာ ၂၁

မန္တလေးမြို့၌ နိုဝင်ဘာ ၁၆ရက်တွင် တရားမဝင် သေနတ်ကိုင်ဆောင်ပြီး မိန်းကလေးတစ်ဦးအား ပစ်ခတ်ခဲ့သည့် တရားခံတစ်ဦးကို မြန်မာနိုင်ငံရဲတပ်ဖွဲ့က ၂၄နာရီအတွင်း ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရသည်။

ဖြစ်ပွားပုံမှာ နိုဝင်ဘာ၁၆ရက် ညနေ၃နာရီခန့်တွင် မန္တလေးမြို့ (၅၄)လမ်း လမ်း(၄၀X၄၁)ကြား၌ မချိုချို (ခ) မကြူကြူရှင်းရီဆိုသူက စံပြား(ခ)စိုင်းစံအား မချစ်နိုင်ကြောင်းငြင်းဆိုသဖြင့် စံပြား(ခ)စိုင်းစံက သေနတ်ဖြင့်ပစ်ခတ်ခဲ့၍ မချိုချို(ခ)မကြူကြူရှင်းရီ၏ ဝဲဘက်နားထင် ထိမှန်ဒဏ်ရာရရှိပြီး မန္တလေးပြည်သူ့ဆေးရုံကြီးသို့ တင်ပို့ကုသခဲ့သော်လည်း နိုဝင်ဘာ ၁၈ ရက် နံနက် ၉နာရီ ၁၅မိနစ်တွင် သေဆုံးသွားခဲ့ကြောင်း သိရသည်။

တရားခံ စံပြား(ခ)စိုင်းစံသည် မန္တလေးမြို့မှ မတ္တရာမြို့နယ် ကန်ပိုင်ရွာ၊ ၎င်းမှ တောင်ပြုံးရွာဘက်သို့ တိမ်းရှောင်ထွက်ပြေးခဲ့သော်လည်း မြန်မာနိုင်ငံရဲတပ်ဖွဲ့က တာဝန်သိပြည်သူများ၏ သတင်းပေးချက်အရ တရားခံထွက်ပြေးသည့် လမ်းကြောင်းအတိုင်း ထက်ကြပ်မကွာ လိုက်လံဖမ်းဆီးခဲ့မှုကြောင့် နိုဝင်ဘာ ၁၇ရက် နံနက် ၈နာရီမိနစ် ၂၀တွင် လွန်ဒေါင်းရွာနှင့် တောင်ပြုံးရွာအကြား တာပေါင်လမ်းပေါ်၌ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များက တရားခံအား လုံးထွေးသတ်ပုတ်ပြီး ပွိုင့်(၃၂)ပစ္စတို တစ်လက်၊ ၎င်းကျည်လေးတောင့်နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

တရားခံ စံပြား(ခ)စိုင်းစံ၏ ထွက်ဆိုချက်အရ ပွိုင့်(၃၂)ပစ္စတိုတစ်လက်နှင့် ၎င်းကျည်များကို ၂၀၀၂ ခုနှစ် နိုဝင်ဘာလတွင် တာချီလိတ်မြို့မှတစ်ဆင့် တစ်ဖက်နိုင်ငံသို့ သွားရောက်လည်ပတ်စဉ် အငှားယာဉ်မောင်းတစ်ဦးထံမှ ဘတ်ငွေ ၁၂၀၀၀ဖြင့် တရားမဝင် ဝယ်ယူခဲ့ကြောင်း သိရသည်။

ထိုကဲ့သို့ မန္တလေးမြို့လယ်ကောင်၌ နေ့ခင်းကြောင်တောင်အချိန်တွင် သေနတ်ပစ်ခတ်ပြီး တရားဥပဒေစိုးမိုးရေးကို စိန်ခေါ်ကာ ပြည်သူလူထုအား အထိတ်တလန့်ဖြစ်စေခဲ့သည့် တရားခံအား ထိရောက်သော ပြစ်ဒဏ်ချမှတ်နိုင်ရေးအတွက် မန္တလေးမြို့ အမှတ်(၉) ရဲစခန်း၌ အမှုဖွင့် အရေးယူထားကြောင်း သိရှိရသည်။ (သတင်းစဉ်)

ကျိုက်လတ်မြို့နယ်အသင်း(ရန်ကုန်) စာပေဟောပြော၊ ကျန်းမာရေးဆောင်ရွက်

ရန်ကုန် နိုဝင်ဘာ ၂၁

ကျိုက်လတ်မြို့နယ်အသင်း(ရန်ကုန်)မှ စီစဉ်ကြီးကြပ်၍ အသင်းနာယက ဦးမောင်မောင်စိုးတင့်(နယ်စပ်ဒေသဖွံ့ဖြိုးရေးအသင်း)က ဦးဆောင်ကာ ကျိုက်လတ်မြို့သို့ နိုဝင်ဘာ ၁၄ရက်က (၈၆)နှစ်မြောက် (အမျိုးသားနေ့)အထိမ်းအမှတ်အဖြစ် ရန်ကုန်မြို့မှ အထူးကုဆရာဝန်ကြီးများ ကွင်းဆင်းသွားရောက်၍ မျက်စိများစမ်းသပ်ပေးခြင်း၊ မျက်မှန်များ အခမဲ့တပ်ဆင်ပေးခြင်း၊ သွားနှင့်ခံတွင်းစစ်ဆေးပေးခြင်း၊ အထွေထွေရောဂါများ ရှာဖွေစမ်းသပ်ကုသပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

ဆက်လက်၍ အထက(၁)ကျောင်းခန်းမ၌ စာရေးဆရာကြီး လယ်တွင်းသားစောချစ်က ကျောင်းသား၊ကျောင်းသူများအား အမျိုးသားနေ့စာပေနှင့် ပညာဗဟုသုတများရရှိရန် ဟောပြောပြီး ဗိုလ်ကလေးတင့်အောင်ဦးစီးသော ဂီတအနုပညာရှင်များက အမျိုးသားနေ့ဇာတိမာန်တေးသီချင်းများဖြင့်ဖျော်ဖြေပေးကြောင်းသိရသည်။ (၅၂၉)



မဟာစည်သြဝါဒခံ ညောင်ကန်အေး ရွှေပြည်သာ သာသနာ့ရိပ်သာ၏ (၁၃)ကြိမ်မြောက် စုပေါင်းကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို နိုဝင်ဘာ ၈ ရက်က ကျင်းပရာ မဟာဓမ္မကထိက၊ ဗဟုဇနဟိတဓရ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ အင်းစိန်ညောင်ကန်အေးသာသနာ့ရိပ်သာဆရာတော် ဦးကုန္တကနှင့် ရွှေပြည်သာ ညောင်ကန်အေးသာသနာ့ရိပ်သာဆရာတော် ဦးအာစိဏ္ဏ (ရွှေဘို) အမှူးပြုသော သံဃာတော်များအား တပည့် ဒါယကာ၊ ဒါယိကာမများနှင့် အလှူရှင်များက ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

တပ်မတော်(ကြည်း၊ရေ၊လေ) ဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၁

၂၀၀၆ ခုနှစ် (၄၅)ကြိမ်မြောက် တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဖလားတပ်မတော်(ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ပထမအဆင့်အုပ်စု ပတ်လည်ပြိုင်ပွဲများကို သတ်မှတ်ထားသည့် အားကစားကွင်းများ၌ ယနေ့ညနေပိုင်းတွင် ဆက်လက်ကျင်းပရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် အားကစားကွင်း (မင်္ဂလာဒုံ)၌ ကျင်းပသော (င)အုပ်စုပြိုင်ပွဲတွင် နေပြည်တော်တိုင်း စစ်ဌာနချုပ်အသင်းနှင့် မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တစ်ဂိုးစီသရေ ဖြစ်သွားကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

အ င် တ ာ န က် အ ာ း က စ ာ း သ တ င် း

ဝက်စ်ဟမ်းအသင်းကို ရောင်းချရန်သဘောတူညီ

လန်ဒန် နိုဝင်ဘာ ၂၁

အင်္ဂလိပ်ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲဝင် ဝက်စ်ဟမ်းယူနိုက်တက်အသင်းကို အိုက်စလန်ကျွန်းနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ အက်ဂတ်မက်နတ်စင် ဦးဆောင်သော ကုမ္ပဏီအုပ်စုကြီးတစ်ခုက လွှဲပြောင်းရယူရန် ယနေ့ သဘောတူညီလိုက်ပြီဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

ပေါင်ငွေ ၈၅သန်း

မက်နတ်စင်ဦးဆောင်သော ကုမ္ပဏီအုပ်စုကြီးသည် ပေါင်ငွေ ၈၅သန်းဖြင့် ဝက်စ်ဟမ်းအသင်း၏ အစုရှယ်ယာများကို ဝယ်ယူမည်ဖြစ်သည်။

မက်နတ်စင်သည် အိုက်စလန်ဘောလုံးအဖွဲ့ချုပ်၏ လက်ရှိဥက္ကဋ္ဌဖြစ်သည်သာမက ဥရောပဘောလုံးအဖွဲ့ချုပ်(ယူအီးအက်ဖ်အေ)၏ အလုပ်အမှုဆောင်ကော်မတီတွင် အဖွဲ့ဝင်တစ်ဦးဖြစ်သည်။ ၎င်းသည် ဒီဇင်ဘာလအစောပိုင်းခန့်တွင် ဝက်စ်ဟမ်းအသင်း၏ဥက္ကဋ္ဌနေရာကိုရယူနိုင်ရန် ဖော်ပြပါရာထူးများမှ နုတ်ထွက်ပေးမည်ဖြစ်သည်။ ဝက်စ်ဟမ်းအသင်း၏ လက်ရှိဥက္ကဋ္ဌမှာ တယ်ရီဘရောင်းဖြစ်သည်။ **အင်တာနက်။**

နိုဝင်ဘာ ၁၈ ရက်က ကျင်းပသော ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲတွင် ရှက်ဖီးလ်ယူနိုက်တက်အသင်းမှ ရောဘ်ဟူဆယ်လ်နှင့် ပေါလ်စခိုးလ် (ယာ) **အား တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

အင်္ဂလန်အသင်းတွင် ပြန်လည်ပါဝင်ရေး ပေါလ်စခိုးလ် စဉ်းစားမည်ဟုဆို

လန်ဒန် နိုဝင်ဘာ ၂၁

အင်္ဂလန်လက်ရွေးစင်အသင်း၏ နည်းပြသစ် မတ်ကလဲရင်သည် ၎င်း၏အသင်းတွင် မိမိပါဝင်ကစားရန်လိုလားခြင်း ရှိ/မရှိ တီးခေါက်မှုများ ပြုလုပ်ခဲ့ပြီးနောက် နိုင်ငံတကာဘောလုံးပြိုင်ပွဲများ၌ ပြန်လည်ပါဝင်ကစားရန် စဉ်းစားမည်ဖြစ်ကြောင်း မန်ချက်စတာယူနိုက်တက် ကွင်းလယ်ကစားသမားပေါလ်စခိုးလ်က ယမန်နေ့တွင် ပြောကြားလိုက်သည်။

အင်္ဂလန်အသင်း၏ နည်းပြရာထူးတာဝန်ကို ဆဗန်ဂိုရန်အဲရစ်ဆန်ထံမှ မက်ကလဲရင်က လွှဲပြောင်းရယူလိုက်သည့် ပြီးခဲ့သည့်နွေရာသီက နိုင်ငံတကာ ဘောလုံးပြိုင်ပွဲများတွင် ပါဝင်ကစားခြင်းမပြုတော့ရန် မိမိအတွေးပေါက်မိကြောင်း ပေါလ်စခိုးလ်က ဝန်ခံပြောကြားသည်။

ပေါလ်စခိုးလ်သည် အင်္ဂလန်အသင်းတွင် ပါဝင်ကစားရန် မက်ကလဲရင်က နှစ်ကြိမ်တိုင်တိုင် ကမ်းလှမ်းခဲ့သည်ဟုဆိုသည်။

အသက် (၃၂) နှစ်အရွယ်ရှိ ပေါလ်စခိုးလ်သည် ယူရို ၂၀၀၄ ဘောလုံးပြိုင်ပွဲအပြီးမှစ၍ နိုင်ငံတကာဘောလုံးလောကနှင့် ကင်းကွာသွားခဲ့သည်။ **အင်တာနက်။**

အ င် တ ာ န က် ဇီ ဝ န ည် း ပ ည ာ သ တ င် း

မျိုးဗီဇပြုပြင်ထားသည့်ဝါစေ့ လူတို့စားသုံးနိုင်ရန်အလားအလာရှိ

ဝါရှင်တန် နိုဝင်ဘာ ၂၁

ဝါသီးနှံသည် လူသားများအတွက် ရှေးပဝေသဏီအချိန်ကတည်းက ဝတ်စရာအဝတ်အထည်အဖြစ် ရက်လုပ်ရန် အားထားခဲ့ရသော သီးနှံပင်တစ်မျိုးဖြစ်သည်။ မျက်မှောက်ကာလတွင် ဇီဝနည်းပညာသစ်၏ ကျေးဇူးကြောင့်ဝါသီးနှံသည် အဝတ်အထည်အတွက်သာမက ရိက္ခာသီးနှံအဖြစ်ပါ အသုံးဝင်လာတော့မည်ဖြစ်သည်။



ဝါစေ့တွင် အဆိပ်ဓာတ်တစ်မျိုးဖြစ်သည့် ဂေါ့စ်ပိုးလ် (Gossypol)ခေါ် ဓာတ်ပစ္စည်းပါရှိသည်။ ယင်းဓာတ်ပစ္စည်းကြောင့် ဝါစေ့ကို လူ့အစားအစာအဖြစ် အသုံးပြု၍မရသော်လည်း တိရစ္ဆာန်အစားအစာအဖြစ်မူ အချို့က အသုံးပြုကြသည်။ ထိုအဆိပ်ဓာတ်သည် တိရစ္ဆာန်များကို ဒုက္ခမပေးနိုင်သောကြောင့်ဖြစ်သည်။

ယခုအခါ တက္ကဆက်အေနှင့် အမ်တက္ကသိုလ်မှ သုတေသီများသည် ဂေါ့စ်ပိုးလ်အဆိပ်ဓာတ်ကင်းသော ဝါစေ့များကို ထုတ်လုပ်ပေးနိုင်ပြီဖြစ်သည်။ ထိုအောင်မြင်မှုကြောင့် ကမ္ဘာ့လူသားသန်းပေါင်းများစွာတို့အတွက် ပရိုတိန်းရိက္ခာတစ်မျိုးတိုးလာတော့မည်ဟုဆိုသည်။ သုတေသီများသည် ယင်းတို့၏တွေ့ရှိချက်ကို အမျိုးသားသိပ္ပံအကယ်ဒမီမှ ထုတ်ဝေသော စာစောင်တွင် ဖော်ပြခဲ့သည်။

မျိုးဗီဇပြုပြင်ထားသောဝါပင်၏ ပင်စည်နှင့် အရွက်များ၌ ဂေါ့စ်ပိုးလ်ခေါ် အဆိပ်ဓာတ်များဆက်လက်ပါဝင်နေသည်။ သို့သော် ဝါစေ့များ၌ ထိုအဆိပ်ဓာတ်သည် လုံးဝနီးပါးမပါသည့် အခြေအနေ သို့မဟုတ် လုံးဝမပါဟုဆိုသည်။

ပညာရှင်များ၏ တွက်ချက်မှုအရ ကမ္ဘာပေါ်၌ နှစ်စဉ်ဝါစေ့တန် ၄၄သန်းမျှ ထွက်ရှိသည်။ ဝါသီးနှံကို ကမ္ဘာ့နိုင်ငံပေါင်း ၈၀ခန့်တွင် စိုက်ပျိုးပြီး ဝါစေ့တွင် ပရိုတိန်းဓာတ် ၂၃ရာခိုင်နှုန်းပါဝင်သည်ဟုပညာရှင် ကီရာတီရာသောက ပြောကြားသည်။ (အင်တာနက်)

မျိုးဗီဇပြုပြင်ထားခြင်းမရှိသော ရိုးရိုးဝါစေ့(အပေါ်ဝဲပုံ) **နှင့်မျိုးဗီဇပြုပြင်ထားသောဝါစေ့များ** (အောက်ဝဲပုံ)**တို့ကို ယှဉ်တွဲတွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

ပြည်တွင်းလူမှုရေးအသင်း အဖွဲ့ဝင်များ လှိုင်ကော်အကျဉ်းထောင် ကြည့်ရှုလေ့လာ

လှိုင်ကော် အကျဉ်းထောင်ရှိ အကျဉ်းသားများအတွက် ပြည်တွင်းလူမှုရေးအသင်း အဖွဲ့ဝင်များက အသုံးအဆောင်ပစ္စည်းများ ထောက်ပံ့ပေးအပ်စဉ်။

(သတင်းစဉ်)

ရန်ကုန် နိုဝင်ဘာ ၂၁

ပြည်တွင်းလူမှုရေးအသင်းအဖွဲ့ဝင်များဖြစ်ကြသော အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ မြန်မာနိုင်ငံ ကြက်ခြေနီတပ်ဖွဲ့ဝင်များသည် အကျဉ်းဦးစီးဌာန လှိုင်ကော်အကျဉ်းထောင်သို့ နိုဝင်ဘာ ၁၀ ရက် နံနက် ၁၀နာရီတွင်သွားရောက်ကြည့်ရှုလေ့လာပြီး အကျဉ်းသားများအတွက် အသုံးအဆောင်ပစ္စည်း စုစုပေါင်း တန်ဖိုးငွေကျပ် ၃၃၈၈၀၀ ကို လှူဒါန်းခြင်းနှင့် မိသားစုဝင်များထံ စာရေးသားဆက်သွယ်လိုသူများအား လိုအပ်သည်များ ကူညီပေးခဲ့ကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

ဖရန်ဆက်စကိုတော်တီ ပွဲပယ်ပြစ်ဒဏ်နှင့် ထိုက်တန်ဟုဆို

ရောမ နိုဝင်ဘာ ၂၁

လက်ရွေးစင်အသင်းတွင် ကစားရန်ခေါ်ယူမှုကို လက်ခံခြင်းမရှိသည့် ဖရန်ဆက်စကိုတော်တီသည် ပွဲပယ်ခံရသည့် ပြစ်ဒဏ်နှင့်ထိုက်တန်လိမ့်မည်ဖြစ်ကြောင်း ဥရောပဘောလုံးအဖွဲ့ချုပ် (ယူအီးအက်ဖ်အေ)ဥက္ကဋ္ဌ ရာထူးအတွက် အမည်စာရင်းတင်သွင်းခံထားရသူ မိုက်ကယ်ပလာတီနီက ယနေ့ပြောကြားသည်။

အီတလီစီးရီးအေပြိုင်ပွဲဝင် အေအက်စ်ရိုးမားအသင်းတွင် ပါဝင်ကစားနေသူ တော်တီသည် ယခုလောလောဆယ်တွင် အီတလီလက်ရွေးစင်အသင်းတွင် ပါဝင်ကစားခြင်းမပြုရန် ဆုံးဖြတ်ခဲ့သည်။ တော်တီသည် ခြေကျင်းဝတ်အရိုးကျိုးသည့် ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ကြံ့ခိုင်ရေးလေ့ကျင့်မှုများ ဆက်လက်ပြုလုပ်လိုခြင်းကြောင့် လက်ရွေးစင်အသင်း၏ ခေါ်ယူမှုကို ငြင်းဆန်ခဲ့သည်ဟုဆိုသည်။

လက်ရွေးစင်အသင်းတွင် ပြန်လည်ကစားခြင်းမပြုမီ ရာနှုန်းပြည့်ကြံ့ခိုင်မှုရှိသင့်သည်ဟု တော်တီက ယူဆသည်။ တော်တီ၏ ခြေကျင်းဝတ်တွင် တပ်ဆင်ထားသော သတ္တုပြားငယ်များကို လာမည့်နှစ်တွင် ပြန်လည်ဖယ်ရှားနိုင်မည်ဖြစ်သည်။

သို့ရာတွင် နိုင်ငံတကာ စည်းမျဉ်းများအရ လက်ရွေးစင်အသင်း၏ ခေါ်ယူမှုကို ငြင်းဆန်ပါက ဘောလုံးပွဲနှစ်ပွဲ ပွဲပယ်ပြစ်ဒဏ်ပေးနိုင်ကြောင်း ပလာတီနီက ပြောကြားသည်။ ပလာတီနီသည် ဖီဖာ၏ နည်းစနစ်ဖွဲ့စည်းရေးကော်မတီ၏ လက်ရှိဥက္ကဋ္ဌ၊ ယူအီးအက်ဖ်အေ အမှုဆောင်ကော်မတီအဖွဲ့ဝင်နှင့် ပြင်သစ်ဘောလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌဖြစ်သည်။ **အင်တာနက်။**

နိုဝင်ဘာ ၁၉ ရက်က ကျင်းပသော အီတလီစီးရီးအေဘောလုံးပြိုင်ပွဲတွင် ကာတာနီးယားအသင်းဘက်သို့ အေအက်စ်ရိုးမားအသင်းမှ အသင်းခေါင်းဆောင် တော်တီ (ယာ) **ဂိုးသွင်းနိုင်ခဲ့ပြီးနောက် ယင်းအသင်းမှတိုက်စစ်မှူး မွန်တယ်လာနှင့်အတူ အောင်ပွဲခံနေစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

ချိပ်ပိတ်တင်ဒါကြော်ငြာ

ပို့ဆောင်ရေးဝန်ကြီးဌာန
ပြည်တွင်းရေကြောင်းပို့ဆောင်ရေး
အမှတ်(၅၀)၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့

၁။ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးမှ အောက်ဖော်ပြပါ ပစ္စည်းများကို မြန်မာကျပ်ငွေ/ နိုင်ငံခြားသုံးငွေဖြင့် ဝယ်ယူမည်ဖြစ်ပါသည်–

(က)နံပါတ်(၈)သံဂဟောချောင်း(AWS.E.6013)(မြန်မာကျပ်ငွေ)
(ခ) နံပါတ်(၁၀)သံဂဟောချောင်း(AWS.E.6013)(မြန်မာကျပ်ငွေ)
(ဂ) နံပါတ်(၁၂)သံဂဟောချောင်း(AWS.E.6013)(မြန်မာကျပ်ငွေ)
(ဃ) Spares for Oxygen Generating Plant(နိုင်ငံခြားသုံးငွေ)
တင်ဒါပိတ်ရက် – (၂၈–၁၁–၂၀၀၆) (အင်္ဂါနေ့)
တင်ဒါပိတ်ချိန် – (၁၅း၀၀)နာရီ

၂။ တင်ဒါပေးသွင်းလိုသူများသည် အသေးစိတ်အချက်အလက်များကို ပြည်တွင်းရေကြောင်းပို့ဆောင်ရေး(ရုံးချုပ်)၊ထောက်ပံ့ရေးဌာနခွဲတွင် (၂၂–၁၁–၂၀၀၆)နေ့မှစ၍ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပြီး တင်ဒါပုံစံများကို တစ်စုံလျှင် ကျပ် ၁၀၀၀၀/–နှုန်းဖြင့် ဝယ်ယူတင်သွင်းနိုင်ပါသည်။

၃။ တင်ဒါပိတ်မည့်(၂၈–၁၁–၂၀၀၆)ရက်နေ့ (၁၅း၀၀)နာရီအချိန်ထက် နောက်ကျ ရောက်ရှိလာသည့် ဈေးနှုန်းအဆိုပြုလွှာများကို လုံးဝ(လုံးဝ)ထည့်သွင်းစဉ်းစားမည် မဟုတ်ပါကြောင်း သိစေအပ်ပါသည်။

ဒု–အထွေထွေမန်နေဂျာ(စီမံ)
ပြည်တွင်းရေကြောင်းပို့ဆောင်ရေး

(၂၅)နှစ်ပြည့် ငွေရတုမင်္ဂလာဆုတောင်း

ကျေးဇူးကြီးမားလှသော **ဖေဖေ ဦးထိန်ဝင်း(တိုင်းမန်နေဂျာ၊ မြန်မာ့မီးရထား)**နှင့် **မေမေ ဒေါ်သန္တာရီ** တို့၏ ၂၂–၁၁–၂၀၀၆ ရက်နေ့တွင် ကျရောက်သော ငွေရတုမင်္ဂလာရက်မြတ်မှသည် နောင်စိန်ရတုမင်္ဂလာတိုင်အောင် ချစ်သားချစ်သမီးများနှင့်အတူ သာယာချမ်းမြေ့သော ဘဝခရီးကို ထာဝရလက်တွဲ လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

ချစ်သားကြီး– မောင်သီဟထိန်ဝင်း–မနုသန္တာဆွေ
ချစ်သမီး – မမေဇင်ထိန်ဝင်း
ချစ်သားငယ်– မောင်ပြည့်ဖြိုးထိန်ဝင်း
ချစ်သားထွေး–မောင်ထက်အာကာထိန်ဝင်း(ခ)Kiss Kiss။

ကုန်စည်ပြပွဲနှင့်ဈေးပွဲတော်
မော်လမြိုင်မြို့
ကျောင်းသားအားကစားကွင်း
၁၂. ၁၂. ၀၆
မှ
၁၆. ၁၂. ၀၆
SMART BUSINESS GROUP Ph: 01 538281, 09 5014796, 09 5036418

IELTS ကို
ဆရာ ဆန္ဒအောင်
Windows 2003
(Hardware Management) ကို

စုပေါင်း
ကာကွယ်
မီးအန္တရာယ်

S H
Dec,1 - 75000/-
15000/-
Ph: 298443, 09-510-5597, 09-515-3713

တက္ကသိုလ်ဘုန်းနိုင်
သူငယ်ချင်းလို့ပဲ
ဆက်၍ခေါ်မည်ခိုင်

ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်တိုင်း၊ပုဇွန်တောင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ (၅၁)လမ်း၊ အထက်ဘလောက်၊တိုက်အမှတ်(၁၇၈/၁၈၀)၊ ၄လွှာ ယာဘက်(တောင်ဘက်)ခြမ်းအခန်း ကို ပိုင်ရှင်ဒေါ်သန်းဆင့်(ခ)ဒေါ်ထွေး [၁၂/လသန(နိုင်)၀၀၂၅၀၃]၊ အမှတ်(၇၃)၊ (၁၇)လမ်း၊ လသာမြို့နယ်နေသူထံမှ အပြီးအပိုင် ဝယ်ယူရန် ကျွန်ုပ်တို့၏မိတ်ဆွေမှ စရန်ငွေပေးထားပြီးဖြစ်ပါသည်။

၎င်းအခန်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ကန့်ကွက်ရန်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားများနှင့်တကွ လူကိုယ်တိုင် (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက် ကျော်လွန်ပါက အရောင်းအဝယ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ–**

ဒေါ်ခင်ဝင်း	**ဦးမြအေးသွင်**	**ဦးအောင်မင်းသိဏ်း**
တရားရုံးချုပ်ရှေ့နေ(၆၉၈၇)	**အထက်တန်းရှေ့နေ**	**အထက်တန်းရှေ့နေ**
အမှတ်(၅၅)၊ ဓိဇဝါလမ်း၊	**(၂၂၃၉၄)**	**(၂၃၄၃၃)**
ရေကျော်၊ပုဇွန်တောင်မြို့နယ်	**ဖုန်း–၀၉–၉၉–၇၃၄၂၇**	**ဖုန်း–၀၉–၅၁–၅၃၃၆၇**
ဖုန်း–၂၉၄၀၁၉		

(၄က/ ၂၁၂၄ – မော်တော်ယာဥ်လက်ဝယ်ရှိသူသိစေရန်)

ယာဉ်နှင့်ပတ်သက်၍ အမည်ပြောင်းရန်ရှိပါသဖြင့် လက်ဝယ်ရှိသူသည် မူလပိုင်ရှင်နှင့်(၁၀)ရက်အတွင်း အမြန်ဆုံး လာရောက်ဆက်သွယ်ရန်နှင့် ၎င်းကာလကျော်လွန်ပါက ဖြစ်ပေါ်လာမှု ကိစ္စများအား လိုက်လံဖြေရှင်း ဆောင်ရွက်ပေးမည် မဟုတ်ကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။

လှမျိုး A-1 စာပေ
အမှတ်(၈၆)၊၃၈လမ်း၊ ဖုန်း–၂၈၅၂၂၇

အလှူငွေလက်ခံ

ရွှေပေါက်ကံမြို့သစ် အောင်လေးအောင်ကျောင်းရှိ မွန်မြတ်ကရုဏာ နာရေးကူညီမှု အသင်းသို့ ရွှေပေါက်ကံမြို့သစ် (၁၂)ရပ်ကွက် ပုဂံလမ်းနေ ဦးကြူးကြောင်းဟူး – ဒေါ်ခင်နှင်းဝေ၊ သား မောင်အဂ္ဂမင်းမြတ် မိသားစု(ဝင့်ဝါစတိုး)တို့က အလှူငွေကျပ်သုံးသိန်းကို နိုဝင်ဘာ၁၉ရက်က လှူဒါန်းရာ အသင်းဥက္ကဋ္ဌ ဦးရဲမြင့်နှင့် ဘဏ္ဍာရေးမှူး ဒေါ်ခင်လှဲဝင်းတို့ လက်ခံရယူစဉ်။ (၃၁)

ဂြိုဟ်တုအခြေပြု ဆက်သွယ်ရေးနည်းပညာ အသုံးချမှုဟောပြောမည်

ရန်ကုန် နိုဝင်ဘာ ၂၁

မြန်မာနိုင်ငံ ကွန်ပျူတာ ပညာရှင်အသင်းကကြီးမှူး၍ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း အလုပ်အမှုဆောင် ဦးဇော်နိုင်က ဂြိုဟ်တုအခြေပြု သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာ အသုံးချမှုအမျိုးမျိုး (Satellite-based IT Applications) ခေါင်းစဉ်ဖြင့် နိုဝင်ဘာ ၂၅ ရက် မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မြန်မာအင်ဖိုတက် အဆောက်အအုံ ပင်မဆောင် အခန်း(၂၀၅)၌ နည်းပညာဆိုင်ရာများကို ဟောပြောမည်ဖြစ်သည်။

ယင်းဟောပြောပွဲသို့ မည်သူမဆို တက်ရောက်နိုင်ပြီး အသေးစိတ်သိလိုပါက မြန်မာနိုင်ငံ ကွန်ပျူတာ ပညာရှင် အသင်းရုံးခန်း ဖုန်း–၆၅၂၂၇၆ သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လူပျောက်ကြော်ငြာ

ဓာတ်ပုံရှင် မောင်အောင်ကျော်မြတ် (၁၆)နှစ် [၁၂/မဂတ (နိုင်)၀၈၉၆၃၂]သည်၃၀–၁၀–၂၀၀၆ရက်နံနက်က နေအိမ်မှထွက်ခွာပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိအကြောင်းကြားပေးသူအား ကျေးဇူးဆပ်ပါမည်။ **ဦးအောင်ကျော်စိန်**
ဖုန်း–၀၉၈၉၇၁၇၄၂

'ထိခိုက်ကြေကွဲဝမ်းနည်းခြင်းမှ ...'

ရန်ကုန်မြို့ ... Managing Director,THA MADA Trading Co., Ltd ၊ ... Managing Director, THAMADA FAMILY Hotel တို့၏ သားကြီး

မောင်ဝင်းမျိုးသန့် B.A (English)

Managing Director,THA MA DA Travels and Touers Co.,Ltd နှင့်

ရန်ကုန်မြို့ ... Managing Director, PANN BAYIN MYANMAR Co.,Ltd ... Director, PANN BAYIN MYANMAR Co., Ltd တို့၏ သမီးငယ်

မပြုံးလဲ့လဲ့အောင်

Director, PANN BA YIN MYANMAR Co.,Ltd

တို့၏ ၁၉–၁၁–၂၀၀၆ ရက် ... Western Park Royal ၌ ... Western Park Royal ...

နှစ်ဖက်သော မိဘများနှင့်
မောင်ဝင်းမျိုးသန့်+မပြုံးလဲ့လဲ့အောင်

မြန်မာ့ရပ်ရှင်သက်ကြီးရန်ပုံငွေပဒေသာကပွဲကြီး
(၂၄) (၂၅) (၂၆) - နိုဝင်ဘာလ - ၂၀၀၆
၁၀၀၀၀/၇၀၀၀/၅၀၀၀/၃၀၀၀

ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့် အိန္ဒိယသမ္မတနိုင်ငံလေတပ်ဦးစီးချုပ် Air Chief Marshal S.P Tyagi, PVSM, AVSM, VM, ADC, Chairman, Chief of Staff Committee and Chief of the Air Staffတို့ နေပြည်တော်လေဆိပ်တွင် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြစဉ်။

(သတင်းစဉ်)

ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၏ ဖိတ်ကြားချက်အရ

အိန္ဒိယသမ္မတနိုင်ငံ လေတပ်ဦးစီးချုပ်နှင့်ဇနီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ ရောက်ရှိ

နေပြည်တော် နိုဝင်ဘာ ၂၁

ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၏ ဖိတ်ကြားချက်အရ အိန္ဒိယသမ္မတနိုင်ငံ လေတပ်ဦးစီးချုပ် Air Chief Marshal S.P Tyagi, PVSM, AVSM, VM, ADC, Chairman, Chief of Staff Committee and Chief of the Air Staff **နှင့် ဇနီးတို့ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ယနေ့မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် နေပြည်တော်သို့ ရောက်ရှိလာကြသည်။**

အိန္ဒိယသမ္မတနိုင်ငံ လေတပ်ဦးစီးချုပ်နှင့်ဇနီးတို့ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် အထူးလေယာဉ်ဖြင့် မွန်းလွဲ ၁နာရီတွင် ရောက်ရှိလာရာ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့်ဇနီး ဒေါ်ထွေးထွေးညွန့်၊ နေပြည်တော်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်နှင့်ဇနီး၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr. Bhaskar Kumar Mitra၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)မှ တပ်မတော်အရာရှိကြီးများက နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ လေတပ်ဦးစီးချုပ်တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူရန် နေပြည်တော်လေဆိပ်ရှိ အလေးပြုခံစင်မြင့်သို့ သွားရောက်ကြပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြသည်။

ဆက်လက်၍ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ လေတပ်ဦးစီးချုပ်တို့သည် ဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေးကြသည်။

ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းသည် အိန္ဒိယသမ္မတနိုင်ငံ လေတပ်ဦးစီးချုပ်နှင့်အတူ လိုက်ပါလာကြသည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

အလားတူ ဧည့်သည်တော်အိန္ဒိယသမ္မတနိုင်ငံ လေတပ်ဦးစီးချုပ်ကလည်း ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့်အတူ ကြိုဆိုနှုတ်ဆက်ကြသူများအား ရင်းရင်းနှီးနှီး ပြန်လည်နှုတ်ဆက်သည်။

ထို့နောက် ဧည့်သည်တော်အိန္ဒိယသမ္မတနိုင်ငံ လေတပ်ဦးစီးချုပ်နှင့်ဇနီးတို့ ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ခေတ္တတည်းခိုမည့် နေပြည်တော်ဟိုတယ်ဇုန်သို့ မော်တော်ယာဉ်များဖြင့် သွားရောက်ကြသည်။

(သတင်းစဉ်)

ကာကွယ်ရေးဦးစီးချုပ်(လေ) ဦးဆောင်သောအဖွဲ့နှင့် အိန္ဒိယသမ္မတနိုင်ငံ လေတပ်ဦးစီးချုပ် ဦးဆောင်သောအဖွဲ့တို့ တွေ့ဆုံဆွေးနွေး

နေပြည်တော် နိုဝင်ဘာ ၂၁

ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း ဦးဆောင်သောအဖွဲ့နှင့် အိန္ဒိယသမ္မတနိုင်ငံ လေတပ်ဦးစီးချုပ် Air Chief Marshal S.P Tyagi, PVSM, AVSM, VM, ADC, Chairman, Chief of Staff Committee and Chief of the Air Staff **ဦးဆောင်သော အဖွဲ့တို့သည် ယနေ့ညနေ ၃နာရီခွဲတွင် နေပြည်တော်ရှိ ပေါင်းလောင်းရိပ်သာ၌ တွေ့ဆုံဆွေးနွေးကြသည်။**

တက်ရောက်

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့်အတူ ဗိုလ်မှူးချုပ်ဇော်ထွန်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)မှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး အိန္ဒိယသမ္မတနိုင်ငံ လေတပ်ဦးစီးချုပ်နှင့်အတူ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr. Bhaskar Kumar Mitra နှင့် စစ်သံမှူး Col. Jasvinder Singh Chopra တို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

ကာကွယ်ရေးဦးစီးချုပ်(လေ)ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းအား အိန္ဒိယသမ္မတနိုင်ငံလေတပ်ဦးစီးချုပ် Air Chief Marshal S.P Tyagi, PVSM, AVSM,VM, ADC, Chairman, Chief of Staff Committee and Chief of the Air Staff **နေပြည်တော်ရှိ ပေါင်းလောင်းရိပ်သာ၌ လာရောက်တွေ့ဆုံစဉ်။** (သတင်းစဉ်)